၂၀၂၄ ခုနှစ်ရဲ့

# အဆိုးရွားဆုံးဒဏ်ချက်တွေကို

## အမျိုးသမီးထုမှာ တွေ့ရတယ်



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု
၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။
info@ISPMyanmar.com | www.ISPMyanmar.com

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၌ ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' (30 Minutes with the ISP) အစီအစဉ် အမှတ်-၆ မှ ဆွေးနွေးချက်များကို စုစည်းဖော်ပြထားသည့် Recap Memo ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။

## အယူအဆမှတ်စု

CONCEPT NOTE

အမျိုးသမီးတွေရဲ့ဘဝဟာ ဘာတွေထူးပြီး ခက်ခဲနေလဲ။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု အလွန်ကာလမှာ ဘယ်လိုဘယ်ပုံ ပိုကျပ်တည်းနေကြရပါသလဲ။

စစ်အာဏာသိမ်းတာ အခုဆိုလေးနှစ်ပြည့်သွားပါပြီ။ ဒီလေးနှစ်အတွင်းမှာ မြန်မာပြည်သူပြည်သားတွေရဲ့ ဘဝဟာ နေ့မြင်ညပျောက်တဲ့ဘဝတွေ၊ လူမစုံတော့တဲ့ ထမင်းဝိုင်းတွေ၊ ပညာတတ်တွေ ပညာရဲရင့်ပွဲလယ်မတင့်တော့တဲ့အဖြစ်တွေ စတဲ့ မကြားစဖူး မယုံနိုင်စရာတွေကို တနေ့ထက်တနေ့ ပိုလို့ ကြားနေ၊ မြင်နေရပါတယ်။ အထူးသဖြင့် ၂၀၂၄ ခုနှစ်ထဲမှာ စစ်မှုထမ်းဥပဒေကြောင့် သားသမီးတွေကို နယ်ဝေးနဲ့ နိုင်ငံရပ်ခြားပို့ပြီး မသေသေးရင်တော့ ပြန်တွေ့နိုင်ပါသေးတယ်ဆိုတဲ့စိတ်နဲ့ပဲ မျက်ရည်လည်ရွဲ မျှော်နေကြရပါတယ်။

စီးပွားရေးကကျပ်၊ နိုင်ငံရေးကခက်တဲ့အပြင် သဘာဝကပ်ဘေးကပါ ထပ်ဆင့်နေပါတယ်။ ဒီလို အဘက်ဘက်က ထိုးနှက်ချက်တွေကို ဆင်းရဲချမ်းသာ၊ လူကြီးလူငယ်၊ မြို့ပြကျေးလက် မရွေး တနည်းတဖုံ ခံစားနေရသူချည်းပါပဲ။ ဒါပေမဲ့ ဒီလိုရင်ဆိုင်ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ဘုံချကြည့်ရင် အမျိုးသမီးတွေရဲ့ကျောမှာ အများဆုံးသွားတွေ့ရပါတယ်။ အတွင်းကျကျဆန်းစစ်ကြည့်ရင် အပေါ်ယံအံကြိတ်ထားတဲ့၊ ပါးကွက်ကျား၊ မိတ်ကပ်တွေနဲ့ ဟန်လုပ်ပြုံးနေတဲ့ မျက်နှာဖုံးတွေအောက်မှာ အမျိုးသမီးတွေရဲ့ဘဝဟာ တလှာပြီးတလှာ၊ တချက်ပြီးတချက် အမှန်းခံထားရတာပါ။ ‘နောက်နှစ်ကုန်ရင် အောင်လံထူပြီ’ဆိုတဲ့ အနှစ်အသားမပါ၊ လက်တွေ့အကူအညီမလာတဲ့ လေလှိုင်းပေါ်က ‘မိုတီ’စကားတွေကလည်း စိတ်ဓာတ်မတက်ကြွစေနိုင်တော့ပါဘူး။ ပရိယာယ်တွေနဲ့ ကြိုးရှည်ရှည်လှန်ထားသလို ရက်စက်ရာကျလွန်းတယ်လို့ ဆိုချင်ပါတယ်။ မြေပြင်က အမျိုးသမီးတွေရဲ့ လက်တွေ့ဘဝကို မြင်နိုင်ဖို့ ISP-Myanmar ရဲ့ အခုစကားဝိုင်းက လှုစ်ဟပြချင်တာဖြစ်ပါတယ်။ ဒီမတိုင်ခင်ကလည်း မြန်မာအမျိုးသမီးတွေ နိစ္စဓူဝရင်ဆိုင်နေရကြရတဲ့ အခက်အခဲတွေအကြောင်းကို ISP-Myanmar ရဲ့ သုတေသနကွန်ရက် (Research Network) အစီအစဉ်က လေ့လာမှုတွေလုပ်ခဲ့ပါသေးတယ်။ နိုင်ငံအနှံ့မှာရှိကြတဲ့ **အမျိုးသမီး ၅၀၀ ကျော်**ရဲ့ သဘောထားတွေကို ရယူခဲ့သလို သူတို့ရဲ့ အသံတွေကိုလည်း နားထောင်ခဲ့ပါတယ်။ ဒီအထဲက **၇၄ ရာခိုင်နှုန်း**ဟာ ဘဝရှေ့ရေးအတွက် စိုးရိမ်မှုတွေရှိနေပါတယ်။ **၈၈ ရာခိုင်နှုန်းကျော်**ဟာ အလုပ်ရဖို့ခက်နေကြတဲ့အပြင် ဝင်ငွေထွက်ငွေ မမျှတတာကိုလည်း ကြုံနေရပါတယ်။ သုံးဆမကတက်လာတဲ့ ကုန်ဈေးနှုန်းဒဏ်ကို ခံနေရသူက **၈၃ ရာခိုင်နှုန်း** ရှိပါတယ်။ ပြည်တွင်းမှာပဲ ရတဲ့နည်းလမ်းနဲ့ ဖြေရှင်းဖို့ စဉ်းစားနေသူတွေက **၇၀ ရာခိုင်နှုန်းနီးပါး**ပါ။ အခုအခြေအနေတွေနဲ့

▶ ပတ်သက်လို့ ဆက်လက်လေ့လာစရာတွေ ရှိနေသေးပေမဲ့ ဒီကိန်းဂဏန်းနဲ့ အဖြေတွေဟာ လက်ရှိဖြစ်ပျက်နေတာတွေနဲ့ နီးစပ်မှုရှိပါတယ်။

လူထုတွေ၊ အမျိုးသမီးတွေရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကို ပိုမတွက်မိဖို့လိုသလို တသမတ်တည်း တွက်ထားလို့လည်း မရစကောင်းပါ။ အချိန်နဲ့အမျှ တစတစ တိုက်စားခံနေရပါတယ်။ ပိုင်ဆိုင်မှုတွေကို ထုခွဲရောင်းချစားသောက်ရင်း အိတ်ကပ်တွေ တဖြည်းဖြည်း ပါးလာနေပါတယ်။ နစ်နာခံစားနေရတဲ့ လူထုတွေအတွက် စနစ်တကျထောက်ပံ့ပေးနိုင်တဲ့ ယန္တရားစနစ် (အင်စတီကျူးရှင်း) တွေကလည်း သေသေချာချာ ရှိမနေပါဘူး။ လူထုကပဲ လူထုကို အပြန်အလှန် အကူအညီပေးမယ့် အထောက်အပံ့တွေကလည်း ကောက်ရိုးမျှင်ပဲ ဖြစ်နေပါတယ်။ ဒီအခြေအနေမှာ ဒီမိုကရေစီစနစ်၊ တနည်း ရွေးကောက်ပွဲအရ ခေါင်းဆောင်သူတွေပဲဖြစ်ဖြစ်၊ အာဏာသိမ်းပြီးဖြစ်ဖြစ်၊ အာဏာထိန်းတယ်ဖြစ်ဖြစ်၊ လက်ရှိ အာဏာချုပ်ကိုင်ရယူထားသူတွေ၊ နိုင်ငံတော်အကျိုးကိုရည်သန်တဲ့ တော်လှန်ရေးလှုပ်ရှားသူတွေဟာ လူထုကောင်းကျိုးကို ဖော်ဆောင်နိုင်ရပါမယ်။ လူထုတွေရဲ့ သာယာဝပြောမှုကို ကြည့်ရပါမယ်။ လူထုတွေ ဒုက္ခမဖြစ်စေဘဲ ကောင်းကျိုးချမ်းသာ ခံစားစေရပါမယ်။ မူဝါဒဆုံးဖြတ်ချက်ချမှတ်ရာနေရာတိုင်းမှာရှိနေသူ ခေါင်းဆောင်တိုင်းက အလေးထားရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒဏ်ရာဒဏ်ချက် အများအပြားနဲ့ ပြိုလုတည်းတည်း လူ့အဖွဲ့အစည်းမှာ အရေးတကြီး လိုအပ်နေတဲ့ လူမှုအသိုက်အဝန်းရဲ့ စိတ်ဓာတ်ပိုင်းပံ့ပိုးပေးမှု (Psycho-social supports) ကို ဘယ်လိုဖြည့်ဆည်းနိုင်ကြမလဲ စဉ်းစားဖို့လိုအပ်နေပါပြီ။

ISP-Myanmar ရဲ့ သုတေသနကွန်ရက်က လေ့လာနေတဲ့ လူမှုစီးပွားလေ့လာတွေ့ရှိချက်တွေ အပြင် ပြည်တွင်းနေ အမျိုးသမီးထုဆီက သိလာရတဲ့ လက်ငင်းအခြေအနေတွေကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှာ ISP ကပြင်ရပ်ဝန်းသူ ရပ်ဝန်းသားတွေနဲ့အတူ ပြုလုပ်ခဲ့တဲ့ 'ISP နှင့်အတူ မိနစ် ၃၀' (30 Minutes with the ISP) အစီအစဉ်မှာ ဆွေးနွေးခဲ့ကြပါတယ်။ ■

ISP နှင့်အတူ မိနစ် ၃၀


**30 MINUTES with the ISP**

## ၂၀၂၄ ခုနှစ်ရဲ့

# အဆိုးရွားဆုံးအတိတ်ချက်တွေကို အမျိုးသမီးထုမှာ တွေ့ရတယ်




**သက်ကြည်စင်**
Program Head
Research Network Program
ဦးဆောင်ဆွေးနွေးသူ



**စုလင်းဟန်**
Program Assistant
Research Network Program
ဆွေးနွေးဖက်




**ခန့်**
Program Associate
Research Network Program
ဆွေးနွေးဖက်



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

---

ယခုအစီအစဉ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပြုလုပ်ခဲ့ပြီး ISP ကပြင်ရပ်ဝန်းသူ ရပ်ဝန်းသားများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုရုပ်သံဖိုင်ကို ISP-Myanmar ၏ YouTube Channel တွင် ပြန်ကြည့်နိုင်ပါသည်။ အပတ်စဉ်တနင်္လာနေ့ နံနက် ၁၁ နာရီ ၃၀ မိနစ်နှင့် ဗုဒ္ဓဟူးနေ့ ည ၇ နာရီ ၃၀ မိနစ်တို့တွင် DVB ရုပ်သံလိုင်းမှလည်း ထုတ်လွှင့်နေပါသည်။



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

**'ISP နှင့်အတူ မိနစ် ၃၀'** အစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများအားလုံး မင်္ဂလာပါရှင့်။ ကျမကတော့ အင်ကြင်းမေပါ။ ဒီနေ့အစီအစဉ်မှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့ကတော့ 'ISP နှင့်အတူမိနစ် ၃၀' အစီအစဉ်ရဲ့ ခြောက်ကြိမ်မြောက်အစီအစဉ် ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲကိုတော့ **'၂၀၂၄ ခုနှစ်ရဲ့ အဆိုးရွားဆုံးဒဏ်ချက်တွေကို အမျိုးသမီးထုမှာ တွေ့ရတယ်'**ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးတင်ပြသွားကြမှာ ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကို ဦးဆောင်မယ့် panelists တွေကတော့ ISP-Myanmar Research Network Program ရဲ့ Program Head ဖြစ်တဲ့ မသက်ကြည်စင်၊ Program Associate ကိုခန့်နဲ့ Program Assistant မစုလင်းဟန်တို့ ဖြစ်ပါတယ်။ Panelists တွေရဲ့ ဆွေးနွေးချက်အပြီးမှာ ဒီနေ့ဆွေးနွေးပွဲကို တက်ရောက်လာသူတွေရဲ့ ရင်ဖွင့်စကားသံ၊ မှတ်ချက်တွေနဲ့ မေးခွန်းတွေကို လက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Live မေးတာအပြင် Chat နဲ့ Q&A ကနေလည်း မေးမြန်းနိုင်ပါတယ်ရှင့်။ ပွဲချိန်အတွင်းမှာ အစီအစဉ်အကန့်အသတ်ကြောင့် မေးခွန်းအားလုံးကို မဖြေလိုက်နိုင်ဘူးဆိုရင် အီးမေးလ်ကနေ နောက်ပိုင်းမှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းနဲ့မှတ်ချက်တွေမှာ သတိပြုဖို့ကတော့ လူမျိုး၊ ဘာသာ၊ ကျား/မ လိင်ခံယူမှု၊ နိုင်ငံရေးအမြင်မတူမှု စတာတွေအပေါ်မှာ ချိုးနှိမ်စော်ကားတဲ့ အမုန်းစကားတွေ မပါဝင်ဖို့ပါပဲ။ ဒီအချက်တွေကို Chat ကနေလည်း ပေးပို့ထားပါတယ်ရှင့်။ ဒီနေ့အစီအစဉ်ကို DVB ရုပ်သံသတင်းဌာနနဲ့ ISP-Myanmar ရဲ့ ဝက်ဘ်ဆိုက်နဲ့ ဆိုရှယ်မီဒီယာတွေကနေလည်း ပြန်လည်ထုတ်လွှင့်မှာ ဖြစ်ပါတယ်။



**သက်ကြည်စင်**
Program Head
Research Network Program
ဦးဆောင်ဆွေးနွေးသူ

ဒီနေ့ **‘ISP နှင့်အတူ မိနစ် ၃၀’** အစီအစဉ်ကို တက်ရောက်လာတဲ့ မိတ်ဆွေများ မင်္ဂလာပါရှင့်။ အခုလိုမျိုး အချိန်ပေး တက်ရောက်ကြတာကို ကျေးဇူးတင်ကြောင်း ကနဦးပြောချင်ပါတယ်။ စစ်အာဏာသိမ်းတဲ့ရက်ကနေ စတွက်ရင် အခုဆိုရင် လေးနှစ်ပြည့်ပါတော့မယ်။ ဒီလေးနှစ်အတွင်းမှာ မြန်မာပြည်သူပြည်သားတွေရဲ့ ဘဝဟာ နေ့မြင်ညပျောက်တဲ့ဘဝတွေ၊ လူမစုံတော့တဲ့ ထမင်းဝိုင်းတွေ၊ ပညာတတ်တွေ ပညာရဲရင့်ပွဲလယ်မတင့်တဲ့ အဖြစ်တွေဟာ တနေ့ထက်တနေ့ ပိုလို့ ကြားရမြင်နေရပါတယ်။ အထူးသဖြင့် ဒီနှစ် ၂၀၂၄ မှာဆိုရင် စစ်မှုထမ်းဥပဒေကြောင့် သားသမီးတွေကို နယ်ပို့၊ နိုင်ငံခြားပို့၊ အသက်မသေသေးရင်တော့ ပြန်တွေ့နိုင်အုံးမယ်ဆိုတဲ့စိတ်နဲ့ မျက်ကွယ်အဝေးကို ပို့ကြရတာပါ။ တဖက်မှာလည်း စီးပွားရေးကကျပ်တည်း၊ နိုင်ငံရေးခက်ခဲတဲ့အပြင် သဘာဝဘေးကပါ ထပ်ဆင့်ပြန်ပါတယ်။

ဒီလို အဘက်ဘက်က ထိုးနှက်ချက်တွေကို ဆင်းရဲချမ်းသာ၊ လူကြီးလူငယ်၊ မြို့ပြကျေးလက်မရွေး အကုန်လုံး ခံစားရသူချည်းပါပဲ။ ဒါပေမဲ့ ဒီထိုးနှက်ချက်တွေကို ကျမတို့အနေနဲ့ ဘုံထုတ်ကြည့်ရင် အမျိုးသမီးတွေမှာ ဒဏ်ချက်အများဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ အိမ်တွင်းအိမ်ပြင် မလုံခြုံတော့တာ၊ အလုပ်အကိုင်ရှားပါးလို့ စားဝတ်နေရေးကျပ်တည်းလာတာ၊ တချိန်တည်းမှာပဲ သူတို့ရဲ့ လင်သားမောင်ဘွားအတွက် ပူပန်နေရတာ၊ ဒါတွေတင်မကဘူး ရောက်လေရာအရပ်မှာဆိုရင်လည်း အားကိုးရာမဲ့နေသလိုမျိုး ဒီပြဿနာတွေ ဒုနဲ့ဒေးကို အမျိုးသမီးတွေက ရင်ဆိုင်နေကြရတာပါရှင့်။

ဆိုတော့ အမျိုးသမီးတွေရဲ့လက်တွေ့ဘဝကို ပြနိုင်ဖို့ ဒီဆွေးနွေးပွဲက ကြိုးပမ်းတာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာတော့ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုစိန်ခေါ်မှုတွေ ရင်ဆိုင်နေရတယ်၊ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရလဲဆိုတာရယ်၊ ဒါတွေကိုရော သူတို့အနေနဲ့ ဘယ်လိုလက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းဖို့ ကြိုးစားနေ ▶

- ကြုလဲဆိုတာကို ကျမတို့အနေနဲ့ နိုင်ငံရေးနဲ့ ပဋိပက္ခ၊ စီးပွားရေး၊ လူမှုရေးစတဲ့ အပိုင်းသုံးပိုင်းနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။

ဒီတင်ပြချက်တွေအတွက် ကျမတို့ မြန်မာအမျိုးသမီး အယောက် ၅၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့ပါတယ်။ ဒါ့အပြင် မြို့နယ်အသီးသီးက အမျိုးသမီးသုတေသီ တချို့နဲ့လည်း ဆွေးနွေးလေ့လာထားတာတွေအပေါ်မှာ အခြေခံပြီးတော့မှ ဆွေး နွေးသွားမှာ ဖြစ်ပါတယ်။ မဆွေးနွေးခင်မှာ ကျမတို့နဲ့ ဆွေးနွေးပြောဆိုခဲ့ကြတဲ့ အမျိုးသမီးသုတေသီတွေထဲက သုံးဦးရဲ့ပြောကြားချက်တချို့ကို ကောက်နုတ်ဖော် ပြချင်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP

၂၀၂၄ ခုနှစ်ရဲ့
အဆိုးရွားဆုံးဒဏ်ချက်တွေကို
အမျိုးသမီးထုမှာ တွေ့ရတယ်

ဆွေးနွေးမှုဗီဒီယိုဖိုင်ကို
ISP YouTube Channel မှာ ကြည့်ရှုနိုင်ပါတယ်။
အခုအစီအစဉ်ကို အပတ်စဉ်
တနင်္လာနေ့ မနက် ၁၁း၃၀ နာရီနဲ့
ဗုဒ္ဓဟူးနေ့ ည ၇း၃၀ နာရီအချိန်တွေမှာ
DVB ရုပ်သံလိုင်းကလည်း ထုတ်လွှင့်ပေးနေပါတယ်။

## ■ လူငယ် အမျိုးသမီးသုတေသီသုံးဦး၏ ပြောကြားချက်တချို့

### 'မသေချာမှုတွေ ပြည့်နေတယ်'

အမျိုးသမီးသုတေသီတဦး

လက်ရှိမှာ ခံစားရတဲ့ စိန်ခေါ်မှုဆိုရင် နံပါတ်တစ်ကတော့ မသေချာမှုလို့ပြောလို့ရမယ် ထင်တယ်။ အဲဒီလို ဘာမှမသေချာနေတာ။ အဲဒီအရာကပဲ ဖိစီးနေတာပေါ့နော်။ ဟို... ဘယ်လိုပြောရမလဲ၊ CDM လုပ်ထားရင်တောင်မှပေါ့နော်၊ ကိုယ်လုပ်ထားတဲ့ career အပေါ်မှာ မသေချာမှုတွေ၊ စိုးရိမ်စိတ်တွေ ရှိတယ်။ ပြီးတော့ နောက်တခုကကျတော့ ကိုယ်ကိုယ်တိုင်မဟုတ်ပေမဲ့ ကိုယ့်မှာ အဖေ၊ မောင်လေး အဲဒီလိုမျိုးရှိတဲ့အခါမှာ သူတို့တွေအပေါ်မှာ ဒီစစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမှုတွေ ရှိတယ်ပေါ့နော်။ ဆိုတော့ အဲဒီအရာကလည်း စိန်ခေါ်မှုတရပ်အနေနဲ့ ရှိနေတယ်။ ပြီးတော့ နောက်တခုကကျတော့ လက်ရှိမှာ အိမ်မှာလည်းပေါ့နော်၊ ဈေးဝယ်ရတယ်။ တနည်းအားဖြင့်ဆိုရင် ဒီကုန်ဈေးနှုန်းနဲ့ပတ်သက်ပြီးတော့ စိုးရိမ်မှုတွေရှိတယ်။ တဖြည်းဖြည်းနဲ့တက်လာတဲ့ ဒီကုန်ဈေးနှုန်းတွေက ကိုယ်ကိုယ်တိုင်ဈေးဝယ်ရတဲ့အခါမှာ ပိုပြီးတော့သိလာတယ်။ ဆိုတော့ ပြီးလို့ရှိရင် အဲဒါကိုမှ မျှတအောင် ပြန်ပြီးတော့ စီမံခန့်ခွဲရတဲ့အပိုင်းတွေကလည်း စိန်ခေါ်မှုတရပ်အနေနဲ့ ဖြစ်လာတယ်။

### 'စိတ်တိုင်းမကျတာနဲ့ အရိုက်ခံရတယ်'

အမျိုးသမီးသုတေသီတဦး

အမျိုးသားတွေကကျတော့ ဘယ်လိုဖြစ်လဲဆိုတော့ များသောအားဖြင့် တချို့ဆိုရင် ညီမတွေ့ဖူးတယ်၊ အရက်သေစာလည်း မသောက်ဘူး၊ ဘာမှမသောက်ဘဲနဲ့ ပလိန်းကြီး အဲဒီလိုမျိုး လုံးလုံးလျားလျားကြီးကို ရိုက်နှက်တာပေါ့နော်။ ရိုက်တာမှ သူတို့စိတ်တိုင်းမကျတာနဲ့ ရိုက်တာမျိုးပေါ့နော်။ နောက်ငါက ပိုက်ဆံအကုန်အပ်တယ်ပေါ့၊ ဘာကိစ္စ ပိုက်ဆံမလောက်တာလဲပေါ့၊ ဟိုလိုမျိုးတွေ ခုနကဝင်ငွေမလောက်တဲ့ဟာနဲ့ဆက်စပ်ပြီးတော့ အမျိုးသားက အဲဒီလိုဖြစ်ပြီးတော့မှ စိတ်တိုတယ်။ အမျိုးသမီးတွေအနေနဲ့ကလည်း သူတို့အပ်တာက သုံးသိန်းထားပါတော့ တနေ့ကို တသောင်းနှုန်းပဲရှိတယ်။ အခုက ဈေးထဲကို ပိုက်ဆံတသောင်းကိုင်သွားရင် ဘာမှပါမှာမဟုတ်ဘူး။ ပဲသီးငါးတောင့်ပါတဲ့တစီးတောင်မှ ထောင့်ငါးရာ၊ နှစ်ထောင်ဖြစ်နေတာ။ အဲဒီလိုမျိုးဆိုတော့ မလောက်ကြတော့ဘူးပေါ့နော်။ အိမ်ရှင်မကို ပြဆိုတော့လည်း ပြစရာမရှိဘူးပေါ့နော်၊ ကုန်တာတွေက။ အဲဒီမှာ အိမ်ထောင်ရေးမှာ အကြမ်းဖက်တာတွေက အဲဒီမှာစတယ်။ ဝင်ငွေ မလုံလောက်တာတွေလည်း ပါတယ်ပေါ့နော်။

## 'ဘာဖြစ်လို့ မတရားခံနေရတာလဲ'

အမျိုးသမီးသုတေသီတဦး

ကျမကတော့ ပြည်တွင်းမှာနေရတာက လုံခြုံမှုမရှိဘူး၊ ကိုယ်တိုင်အတွက်ရော။ အဲဒီတော့ နိုင်ငံခြား ထွက်ဖို့ ပြင်ဆင်တယ်။ ပြင်ဆင်ပေမဲ့ ကျမနာမည် blacklist ထဲမှာ ပါနေတယ်။ အဲဒီတော့ ထွက်လို့ မရဘူး။ ဒီထဲမှာပဲနေပြီးတော့ အဆင်ပြေသလိုပဲ ရုန်းကန်ရတာပေါ့နော်။ နောက်ထပ် ကျမထက် ပို ဆိုးတဲ့၊ ကျမနဲ့အတူတူ CDM ဝန်ထမ်းတွေပေါ့နော်၊ သူတို့ကျတော့ ထိုင်းနိုင်ငံကို အောက်လမ်းနဲ့ ဝင် ပြီးတော့ တတိယနိုင်ငံကိုလည်းမကူးနိုင်ဘူး။ အဲဒီတော့ အဲဒီမှာပဲ အိမ်ဖော်လုပ်နေရတာပေါ့နော်။ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေအတွက် တကယ်စိတ်မကောင်းဘူး။ အရာရှိတယောက်ကပေါ့နော်၊ အဆင်ပြေပြေနေခဲ့ရတဲ့ ဘဝကနေ အိမ်ဖော်လုပ်နေရတာ တကယ်ကိုစိတ်မကောင်းဘူး။ ဒီဥစ္စာတွေ ဘယ်တော့များမှ အရေးယူနိုင်မှာလဲ။ ကျမတို့က ဘာလို့ blacklist သွင်းခံရတာလဲ။ နိုင်ငံတော်ကို သစ္စာဖောက်တာလည်း မဟုတ်ဘူး။ ဘာလို့ ဒီလိုမျိုးခံရတာလဲပေါ့နော်။ ဘာလို့ မတရားခံရတာလဲ။ ဒီလူတွေကို ကျမတို့ ဘယ်လိုမျိုး အရေးယူနိုင်မလဲ၊ ဥပဒေအရပေါ့နော်။ ပြည်တွင်းမှာ နေတဲ့အခါမှာ လည်း ကျမတို့ CDM ဝန်ထမ်းတွေက ဥပဒေရဲ့အကာအကွယ်ကို မရဘူး။



**သက်ကြည်စင်**
Program Head
Research Network Program
ဦးဆောင်ဆွေးနွေးသူ

ဖွင့်ပြခဲ့တဲ့ ဗီဒီယိုဖိုင်မှာ တစိတ်တပိုင်း ပါဝင်ခဲ့သလိုပဲ နိုင်ငံရေးနဲ့ ပဋိပက္ခကြောင့် လည်း အမျိုးသမီးတွေအနေနဲ့က ပုံစံမျိုးစုံနဲ့ ဒုက္ခဒဏ်ကို ခံစားနေကြရပါတယ်။ ဥပမာဆိုရင် CDM လုပ်ထားတဲ့ အမျိုးသမီးတွေက နိုင်ငံရေးမှာပါလို့ ပစ်မှတ်ထား ခံရတာမျိုးတွေရှိပါတယ်။ ဒါတွေကို ပထမတပိုင်းအနေနဲ့ စပြီးဆွေးနွေးချင်ပါတယ်။

အာဏာမသိမ်းခင်က ဝန်ထမ်းလုပ်နေရာကနေ အခုဆို CDM လုပ်လိုက်လို့ ဝင်ငွေ၊ ထွက်ငွေ မမျှတဘဲ ဝင်ငွေက ပိုပြီးတော့ နည်းပါးလာတယ်။ အလုပ်အကိုင် ပြန်ပြီး ရှာဖွေတဲ့အခါမှာလည်း အမျိုးသမီးတွေရဲ့ ပရော်ဖက်ရှင်နယ်လိုင်စင်မရှိတော့တဲ့ အတွက် မျက်နှာငယ်ရတာ၊ အောက်ကျို့ရတာတွေအထိပါ ဖြစ်ကြရပါတယ်။ ဒီ ထက်ပိုဆိုးတာက လုပ်ဖော်ကိုင်ဖက်အချင်းချင်းမှာလည်း ကိုယ့်ကိုကူညီပေးလို့ အပြင်လူတွေသိမှာ စိုးတာမျိုး၊ သူတို့ပါ အခက်အခဲဖြစ်မလားစတဲ့ စိုးရိမ်ပူပန်ရ တာမျိုးနဲ့ တကယ့်ကို တစ္ဆေသရဲလို ဆက်ဆံခံရတယ်လို့ CDM လုပ်ထားတဲ့

▶ ကာယကံရှင် အမျိုးသမီးသုတေသီတဦးက ပြောပါတယ်။ ကိုယ့်ပတ်ဝန်းကျင် အရပ်ထဲမှာ ကြောက်လန့်ပြီးနေရတာမျိုးဖြစ်တဲ့အတွက် ညဘက်ဆို စိတ်ချလက်ချ မအိပ်ရဲတာကိုလည်း ဒီအမျိုးသမီးသုတေသီတွေဆီကနေ သိရှိရပါတယ်။ နောက်ဆုံး နိုင်ငံခြားထွက်ချင်ရင်တောင်မှ CDM ဖြစ်လို့ ကိုယ့်နာမည်က စာရင်းပါနေတဲ့အတွက် ထွက်မရတဲ့သူတွေလည်း အများကြီးပါပဲ။ နောက်ထပ် နိုင်ငံရေးနဲ့ ပဋိပက္ခလို့ပြောရင် အခုလက်ရှိ စစ်မီးပုနေတဲ့အတွက် အမျိုးသမီးတွေအတွက်က ကိုယ်ရောစိတ်ပါ လုံခြုံမှုမရှိတာပါပဲ။ ဘယ်အချိန်များ ကိုယ်နေတဲ့အရပ်ကို လာပြီးတော့ လေယာဉ်ဗုံးကြဲမလဲ၊ အပြင်သွားရင် မိုင်းထိခံရမလဲ စတဲ့ ဘေးကင်းလုံခြုံမှုမရှိတဲ့ဘဝတွေ ဖြစ်နေရပါတယ်။ ဒါနဲ့တဆက်တည်း စစ်ရှောင်နေတဲ့ အမျိုးသမီးတွေရဲ့ဘဝကတော့ တကယ့်ကို မတွေးဝံ့စရာပါပဲ။ စစ်ဖြစ်လို့ တခြားဒေသကို စစ်ရှောင်ရတဲ့အခါမှာရော အိမ်လခကို ဈေးကြီးပေးငှားရတာမျိုးကနေ ပြောင်းရွှေ့နေထိုင်ရတဲ့အခါမှာ ဒေသခံတွေနဲ့ အဆင်ပြေပါ့မလား စတဲ့ လူမှုရေးသဟဇာတမဖြစ်တဲ့ အနေအထားတွေလည်း ကြုံနေရတယ်ပေါ့နော်။ နောက်ထပ်အခြေအနေတခုကတော့ စစ်မှုထမ်းဥပဒေနဲ့ ပေါ်တာဆွဲမှုကြောင့် အမျိုးသမီးတွေက ကိုယ့်မိသားစုဝင်တွေဖြစ်တဲ့ လင်သားမောင်ဖွားတွေအတွက်လည်း ပူပင်သောကများနေရပါတယ်။ စစ်မှုထမ်းဥပဒေကနေ ကင်းလွတ်ဖို့အတွက်ဆိုရင် အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာအာဏာပိုင်တွေကို လာဘ်ထိုးရတာတွေလည်းရှိတယ်။ အဲဒီအတွက် စရိတ်ကာမိအောင်ပေါ့နော် စုဆောင်းထားတာတွေကို ချေးငှားရတာ၊ ပေါင်နှံရောင်းချတာ ဒီလိုမျိုးတွေနဲ့ ဖြေရှင်းနေရတဲ့ အနေအထားပါ။


စစ်မှုထမ်းဥပဒေနဲ့အကျုံးဝင်တဲ့ အမျိုးသမီးတွေဆိုရင်လည်း ဘယ်တော့များ သူတို့ကို စစ်မှုထမ်းဖို့ အိမ်တံခါးလာခေါက်မလဲဆိုတဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ သောကရောက်နေရပါတယ်။ ဒါနဲ့ဆက်စပ်ပြီး အမျိုးသမီး ၅၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့တဲ့အခါမှာဆိုရင် ၇၄ ရာခိုင်နှုန်းသော အမျိုးသမီးတွေက သူတို့ရဲ့ဘဝရှေ့ရေးအတွက်ရော ကိုယ့်ရဲ့လုံခြုံရေးအတွက်ကိုပါ စိုးရိမ်နေရတယ်လို့ ဖြေကြပါတယ်။ ဒါနဲ့တဆက်တည်းမှာပဲ အမျိုးသမီးထုအတွက်က နစ်နာခဲ့ရင်တောင် ဘယ်သူ့တိုင်ရမှန်းမသိ၊ ဘယ်သူ့အားကိုးရမှန်းမသိတဲ့ဘဝကို ရောက်နေရပါတယ်။ တကယ့်ကို ဥပဒေအကာအကွယ်မရှိတဲ့ ခိုကိုးရာမဲ့ဘဝတွေ ဖြစ်နေတာပေါ့နော်။ ဒါကို ကြည့်မယ်ဆိုရင် အမျိုးသမီးတွေအနေနဲ့က ဥပဒေကြောင်းအရ တိုင်ကြားနိုင်စွမ်းမရှိဘဲ ကျိတ်ဖြေရှင်းနေရတာကို တွေ့ရတယ်ပေါ့နော်။ ဒါတွေကတော့ နိုင်ငံရေးနဲ့ ပဋိပက္ခကြောင့် အမျိုးသမီးထု ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ဖြစ်ပါတယ်ရှင့်။ ဆက်လက်ပြီးတော့ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အမျိုးသမီးတွေ ဘယ်လိုမျိုးရင်ဆိုင်နေရလဲ ဆိုတာကိုတော့ ကိုခန့်က ဆက်ပြီးဆွေးနွေးပေးပါအုံး။

## ဘဝရှေ့ရေးအတွက် စိုးရိမ်ကြောင်းဖြေသူ ၇၄ ရာခိုင်နှုန်းရှိနေ

### စစ်တမ်းတွေ့ရှိချက်

ISP Myanmar

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မြန်မာအမျိုးသမီး ၅၀၇ ဦးကို 'ဘဝရှေ့ရေးအတွက် စိုးရိမ်ကြောင့်ကြမှုရှိသလား' ဟု ISP-Myanmar က မေးမြန်းခဲ့ရာ 'စိုးရိမ်ပါတယ်'ဟု ဖြေသူ ၇၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ 'မစိုးရိမ်ဘူး'ဟု ဖြေဆိုသူ သုံးရာခိုင်နှုန်းသာရှိပြီး 'သာမန်ပါပဲ'ဟုဖြေသူ ၂၃ ရာခိုင်နှုန်းရှိခဲ့သည်။




'အမျိုးသမီးများ ရင်ဆိုင်နေရသော အခက်အခဲများ' သဘောထားအမြင်စစ်တမ်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ISP-Myanmar က ကောက်ယူခဲ့ရာတွင် အမျိုးသမီး ၅၀၇ ဦး ပါဝင်ဖြေဆိုခဲ့သည်။



**ခန့်**
Program Associate
Research Network Program
ဆွေးနွေးဖက်

ဟုတ်ကဲ့ပါ။ စီးပွားရေးကို ကြည့်မယ်ဆိုလို့ရှိရင် အမျိုးသမီးတွေ ရင်ဆိုင်နေရတဲ့ အဓိကအကျပ်အတည်းကတော့ စီးပွားရေးကျပ်တည်းမှုနဲ့ နောက်ဆက်တွဲ ဆင်းရဲမွဲတေမှုပဲ ဖြစ်ပါတယ်။ ဆိုတော့ ကုန်ဈေးနှုန်းတက်တဲ့ဒဏ်ကနေ စပြီးတော့ ငွေတိုးချေးစား အမြတ်ထုတ်စနစ်ရဲ့ ဒဏ်အဆုံး အမျိုးသမီးတွေက ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ကျနော်တို့ မြန်မာ့လူ့အဖွဲ့အစည်းမှာ များသောအားဖြင့် အမျိုးသမီးတွေကပဲ အိမ်စရိတ်တွေ၊ ဈေးဖိုးတွေ စတာတွေကို စီမံခန့်ခွဲရတာက များတယ် ပေါ့နော်။ ဆိုတော့ ဒီတော့လည်း သူတို့အတွက်က ကုန်ဈေးနှုန်းကိစ္စက ပိုပြီးတော့ ခေါင်းကိုက်စရာ အကြီးဆုံးဒုက္ခတခုလည်း ဖြစ်ပြန်ပါတယ်။

ကျနော်တို့ လေ့လာတွေ့ရှိမှုတွေအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းကစပြီးတော့ နိုင်ငံခြားငွေလဲနှုန်းနဲ့ ရွှေဈေးတွေက ပြန်ပြီးတော့ကျသွားပေမဲ့ အခြေခံစားသောက်ကုန်ဈေးနှုန်းတွေကတော့ ဆက်ပြီးတော့ မြင့်မားနေဆဲပဲ ဖြစ်ပါတယ်။ ဆိုတော့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ရည်ညွှန်းဈေးတွေနဲ့ ပြန်ပြီးတော့ နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် အခု ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာဆိုရင် ဆန်ကြမ်းနဲ့ စားအုန်းဆီဈေးနှုန်းတွေက ငါးဆနဲ့ ခြောက်ဆကျော်လောက်အထိ တက်လာတာကို တွေ့ရပါတယ်။ ပြီးတော့ အသားဈေးတွေမှာဆိုလို့ရှိရင်လည်း ပြီးခဲ့တဲ့ သုံးလတာအတွင်းမှာ သိသိသာသာ တက်လာတာကို တွေ့နိုင်တယ်ပေါ့နော်။

ကျနော်တို့ အမျိုးသမီးသုတေသီတွေ ပြောခဲ့တဲ့အတိုင်း ပိုက်ဆံတသောင်းတန်တရွက်က ဈေးသွားတဲ့အခါမှာဆိုလို့ရှိရင် ဘယ်လောက်မှ တန်ဖိုးမရှိတော့ဘူးဆိုတဲ့ ညည်းတွားသံတွေနဲ့ ဈေးဖိုးမလောက်ငမှုတွေကို ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ကျနော်တို့မေးမြန်းခဲ့တဲ့ အမျိုးသမီး ၅၀၀ ကျော်ထဲကမှ ၈၃ ရာခိုင်နှုန်းသော အမျိုးသမီးတွေဟာ ၂၀၂၁ ခုနှစ်နောက်ပိုင်း လစဉ်ကုန်ကျစရိတ် သုံးဆနဲ့အထက် တက်လာတာကို ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဒါနဲ့တဆက်တည်းမှာပဲ ၈၈ ရာခိုင်နှုန်းသော အမျိုးသမီးတွေကလည်း ဝင်ငွေနဲ့ ထွက်ငွေ မမျှတဘူးလို့ ဆိုကြပြန်ပါ ▶

တယ်။ ကုန်ဈေးနှုန်းကြီးတဲ့အတွက်ကြောင့်မို ဈေးဖိုး မလောက်ငတော့တဲ့အခါ၊ အိမ်စရိတ် မလောက်တော့တဲ့အခါမှာ တခြားနည်းလမ်းတွေနဲ့ ဖြေရှင်းရပါတယ်။ ဥပမာအားဖြင့် နေ့တိုင်း အသားဟင်းမစားဘဲနဲ့ အသီးအရွက်ကိုပဲ စားတာမျိုးတွေ၊ တခြားသော မိသားစုဝင်တွေ၊ ဆွေမျိုးတွေဆီကနေပြီးတော့မှ ချေးငှားတာ၊ ပေါင်နှံ ရောင်းချတာ၊ အကြွေးနဲ့ဝယ်တာမျိုး စတာတွေကို လုပ်ရင်းနဲ့ အကြွေးပေါ် အကြွေး ဆင့်နေကြတာ ဖြစ်ပါတယ်။

ကျနော်တို့လေ့လာတွေ့ရှိမှုတွေအရ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား ငွေရေးကြေး ရေးဆိုင်ရာ အဖွဲ့အစည်းအများအပြားဟာ အာဏာသိမ်းမှုနောက်ပိုင်းမှာ နိုင်ငံ ကနေ ထွက်ခွာခဲ့ရပါတယ်။ ဒီလိုထွက်ခွာမှုရဲ့ နောက်ဆက်တွဲအနေနဲ့ တရားဝင် ငွေချေးလုပ်ငန်းတွေ နည်းလာတာရယ်၊ တရားဝင်ငွေချေးလုပ်ငန်းတွေက ကြန့် ကြာပြီးတော့ အကန့်အသတ်ရှိတဲ့ လုပ်ငန်းစဉ်တွေဖြစ်တာကြောင့်ရယ် အလွယ် တကူရနိုင်တဲ့ တရားမဝင်ငွေချေးလုပ်ငန်းတွေကလည်း အခုဆိုရင် နေရာအနှံ့ အပြားမှာ တွင်တွင်ကျယ်ကျယ်နဲ့လုပ်လာတာကို တွေ့ရပါတယ်။ သူတို့ရဲ့ အတိုး နှုန်းတွေဟာဆိုလည်း ကြောက်ခမန်းလိလိပါပဲ။ ဥပမာဆိုလို့ရှိရင် တရားမဝင် ငွေချေးတဲ့ဆီမှာဆိုရင် အတိုးနှုန်းတွေအနေနဲ့ဆိုရင် ၁၅ ကျပ်တိုး၊ ၂၀ တိုး၊ ၃၀ တိုး လောက်အထိကို ပေးရတယ်လို့ ကြားရပါတယ်။ အဲဒီလိုအပြင် တချို့ဆို အတိုးကို ကြိုပြီးတော့နုတ်ထားတာကြောင့် တသိန်းချေးမယ်ဆိုရင် လက်ထဲမှာ ခြောက် သောင်းလောက်ပဲ ကျန်တာမျိုးတွေလည်း ဖြစ်တယ်ပေါ့နော်။ တချို့ဆို ငွေဖော် ချင်တဲ့အတွက် တသိန်းရှစ်သောင်းလောက်တန်တဲ့ ဆန်တအိတ်ကို အကြွေးနဲ့ ဝယ်လိုက်တယ်။ ဝယ်ပြီးတဲ့အခါမှာ တသိန်းနှစ်သောင်းလောက်နဲ့ အရှုံးခံပြီးတော့ လက်ငင်းပြန်ရောင်းပြီး ငွေဖော်တာမျိုးတွေလည်း တွေ့ရတယ်ပေါ့နော်။

မြန်မာ့လူမှုအဖွဲ့အစည်းမှာ ဒီလိုမျိုး ချေးငှားကြရ၊ ခယအောက်ကျို့ပြီး အပူကပ်ရ တာတွေကိုလည်း အိမ်ရှင်မတွေကပဲ တိုးတိုးတိတ်တိတ်နဲ့ ကျိတ်ပြီးတော့ လုပ်ရ တာတွေက များပါတယ်။ ဒီနေရာမှာ ထိတ်လန့်စရာဖြစ်ရတာက အကြွေးပြန်မ ဆပ်နိုင်တဲ့အခါမှာ ကိုယ်ထိလက်ရောက် ရိုက်နှက်ညှဉ်းပန်းတာတွေကိုလည်း လူ မြင်ကွင်းမှာတောင် လုပ်လာတယ်ဆိုတဲ့ကိစ္စတွေလည်း ရှိပါတယ်။ တချို့ဆိုရင် ကြေးစားလူမိုက်တွေ ငှားရမ်းပြီးတော့ အကြွေးတောင်းခိုင်းတယ် ဆိုတာမျိုးတွေ လည်း ကျနော်တို့ ကြားရပါတယ်။ ဒီဟာတွေလည်း ဒုက္ခတခုဖြစ်ပါတယ်။

နောက်ထပ်တခု အမျိုးသမီးတွေရင်ဆိုင်နေရတဲ့ အခက်အခဲကကျတော့ ပြည် တွင်းမှာ အလုပ်အကိုင်ရှားပါးလာမှုပဲ ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အထည်

- ချုပ်လုပ်ငန်းတွေ နည်းလာတဲ့အခါ အမျိုးသမီးတွေအနေနဲ့ အလုပ်လက်မဲ့နှုန်းတွေက ပိုပြီးတော့လည်း များလာတယ်။ ကျနော်တို့မေးမြန်းခဲ့တဲ့ အမျိုးသမီး ၅၀၀ ကျော်ထဲက ၈၈ ရာခိုင်နှုန်းသော အမျိုးသမီးတွေဟာ အလုပ်ရှာရတာ မလွယ်ဘူးဆိုပြီး ဖြေဆိုခဲ့ကြပါတယ်။ ဒီလိုမျိုး ခက်ခဲလာတာကြောင့် ပြည်ပထွက်ပြီး အလုပ်လုပ်ဖို့ စီစဉ်နေသလားလို့ မေးကြည့်တဲ့အခါမှာတော့ ၇၀ ရာခိုင်နှုန်းသော အမျိုးသမီးတွေက ပြည်ပထွက်ပြီးတော့ အလုပ်လုပ်ဖို့မရှိဘူးလို့ ဖြေဆိုကြပါတယ်။ ဖြစ်ချင်ရာဖြစ် ပြည်တွင်းမှာပဲရှန်းကန်ကြမယ်ဆိုတဲ့ သဘောပါပဲ။

တဖက်မှာ အလုပ်အကိုင်ရှားပါးလာတဲ့အတွက် နိုင်ငံခြားကို တရားဝင်ရော၊ တရားမဝင်ရော ထွက်ပြီး အလုပ်လုပ်ရတဲ့နှုန်းတွေကလည်း နောက်ပိုင်းမှာ များလာတာကို တွေ့ရပါတယ်။ ဒါနဲ့တဆက်တည်းမှာပဲ ပြည်ပထွက်ပြီးတော့ အလုပ်လုပ်ရမယ်ဆိုရင် ဘယ်နိုင်ငံတွေသွားဖို့ရှိလဲလို့ မေးကြည့်တဲ့အခါမှာ ထိုင်းတို့၊ စင်ကာပူတို့၊ ဂျပန်၊ ကိုရီးယား ဒီနိုင်ငံတွေ အပြင်ပေါ့နော် အရှေ့အလယ်ပိုင်း နိုင်ငံတွေဖြစ်တဲ့ ဒူဘိုင်းတို့၊ ကာတာတို့၊ အိုမန် စတဲ့နိုင်ငံတွေကို သွားဖို့ရှိတယ်ဆိုပြီးတော့မှ ဖြေဆိုကြတယ်ပေါ့နော်။ ဒီလိုနိုင်ငံတွေ သွားတဲ့အခါမှာဆိုလို့ရှိရင်လည်း အမျိုးသမီးတွေအနေနဲ့ကကျတော့ များသောအားဖြင့် ဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ သက်ကြီးစောင့်ရှောက်တဲ့လုပ်ငန်းတွေ၊ နောက်ပြီး အိမ်ဖော် စတဲ့လုပ်ငန်းတွေကိုပဲ အများစုက လုပ်ကိုင်ရတာကို တွေ့ရပါတယ်။

ဒါတွေဟာ အမျိုးသမီးတွေအနေနဲ့ ပြည်တွင်းမှာ စီးပွားရေးအဆင်မပြေတဲ့ကိစ္စတွေရယ်၊ အလုပ်အကိုင်ရှားပါးလို့ ပြည်ပထွက်ပြီး အလုပ်လုပ်နေရတယ်ဆိုတဲ့ အခြေအနေတွေပဲ ဖြစ်ပါတယ်။


ဆက်လက်ပြီးတော့ နောက်ဆုံးအပိုင်းဖြစ်တဲ့ အမျိုးသမီးထု ရင်ဆိုင်နေရတဲ့ လူမှုဒုက္ခနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုတော့ မစုက ဆွေးနွေးပေးပါအုံး။

# အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်မားနေဆဲဖြစ်

## လူမှုစီးပွားသုတေသနစစ်တမ်းတွေ့ရှိချက်

ISP Myanmar

၂၀၂၄ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းမှစ၍ နိုင်ငံခြားငွေလဲနှုန်းများနှင့် ရွှေဈေးများ ပြန်ကျသွားသော်လည်း အခြေခံ စားသောက်ကုန်ဈေးများမှာ မြင့်မားနေဆဲပင်ဖြစ်သည်။ ၂၀၂၁ ခုနှစ်က ရည်ညွှန်းဈေးများနှင့် နှိုင်းယှဉ်ပါကလည်း ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ဆန်ကြမ်းနှင့် စားအုန်းဆီဈေးနှုန်းတို့မှာ ခြောက်ဆနီးပါး မြင့်တက်လာသည်။




နိုင်ငံတဝန်း မြို့နယ် ၁၁၀ ၌ ISP-Myanmar ၏ သုတေသနကွန်ရက်က လေ့လာနေသော လူမှုစီးပွားသုတေသနစစ်တမ်းမှ အချက်အလက်များဖြစ်သည်။


# ကုန်ကျစရိတ် သုံးဆမကမြင့်လာပြီး ဝင်ငွေထွက်ငွေ မမျှတမှုများလာ

## လူမှုစီးပွားသုတေသနစစ်တမ်းတွေ့ရှိချက်


ISP Myanmar

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မြန်မာအမျိုးသမီး ၅၀၇ ဦးကို ISP-Myanmar က မေးမြန်းခဲ့ရာ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် စားဝတ်နေရေး အထွေထွေကုန်ကျစရိတ် သုံးဆနှင့်အထက် မြင့်မားလာကြောင်း ဖြေသူ ၈၃ ရာခိုင်နှုန်းရှိပါသည်။ ဝင်ငွေထွက်ငွေ မမျှတတော့ကြောင်း ဖြေသူမှာ ၈၈ ရာခိုင်နှုန်းရှိခဲ့သည်။

၂၀၂၁ ခုနှစ် နောက်ပိုင်း စားဝတ်နေရေး
ကုန်ကျစရိတ် ဘယ်လောက်တက်လာသလဲ။




ဝင်ငွေနှင့် ထွက်ငွေ မျှတပါသလား။




‘အမျိုးသမီးများ ရင်ဆိုင်နေရသော အခက်အခဲများ’ သဘောထားအမြင်စစ်တမ်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ISP-Myanmar က ကောက်ယူခဲ့ရာတွင် အမျိုးသမီး ၅၀၇ ဦး ပါဝင်ဖြေဆိုခဲ့သည်။


# ပြည်ပထွက်အလုပ်လုပ်ရန် မလွယ်ကြောင်းဖြေသူ ၇၀ ရာခိုင်နှုန်းရှိ

## လူမှုစီးပွားသုတေသနစစ်တမ်းတွေ့ရှိချက်


ISP Myanmar

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မြန်မာအမျိုးသမီး ၅၀၇ ဦးကို ‘အလုပ်ရှာရလွယ်ကူပါသလား’ဟု ISP-Myanmar က မေးမြန်းခဲ့ရာ မလွယ်ကူကြောင်းဖြေဆိုသူ ၈၈ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ‘ပြည်ပထွက်ပြီးအလုပ်လုပ်ရန် ရှိပါသလား’ဟု ဆက်လက်မေးမြန်းသောအခါ ၇၀ ရာခိုင်နှုန်းက မရှိကြောင်းဖြေခဲ့သည်။


အလုပ်ရှာရ လွယ်ကူပါသလား။




ပြည်ပထွက်ပြီး အလုပ်လုပ်ရန် ရှိပါသလား။




‘အမျိုးသမီးများ ရင်ဆိုင်နေရသော အခက်အခဲများ’ သဘောထားအမြင်စစ်တမ်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ISP-Myanmar က ကောက်ယူခဲ့ရာတွင် အမျိုးသမီး ၅၀၇ ဦး ပါဝင်ဖြေဆိုခဲ့သည်။



**စုလင်းဟန်**
Program Assistant
Research Network Program
ဆွေးနွေးဖက်

အမျိုးသမီးတွေရဲ့ လူမှုရေးဒုက္ခတွေလို့ပြောရင် အဓိကကျတဲ့ စိန်ခေါ်မှုသုံးခုကို ဆွေးနွေးချင်ပါတယ်။ ပထမစိန်ခေါ်မှုတခုကတော့ မူးယစ်ဆေးနဲ့ လောင်းကစားတွေရဲ့ နောက်ဆက်တွဲသက်ရောက်မှုတွေ ဖြစ်ပါတယ်။ အခုလို ကာလကြီးထဲမှာ မြို့ကြီးပြကြီးတွေမှာ မူးယစ်ဆေးတွေက နေရာတိုင်းလိုလို အလွယ်တကူ ဝယ်လို့ရနိုင်ပါတယ်။ မူးယစ်ဆေးတွေက ကိုယ့်ရဲ့လက်တကမ်းအကွာမှာ ရှိနေတဲ့အခါ အနာဂတ်ပျောက်နေတဲ့၊ လမ်းပျောက်နေတဲ့ လူငယ်တွေအတွက် စိတ်ထွက်ပေါက်အနေနဲ့ အပျော်အပါးကိစ္စတွေဘက်ကို ပိုပြီးတော့ အာရုံကျသွားလေ့ရှိပါတယ်။ မူးယစ်ဆေးရဲ့သားကောင်တွေအနေနဲ့ အမျိုးသားတွေတင်မဟုတ်ဘူး။ အမျိုးသမီးတွေလည်း ဖြစ်လာကြတယ်ရှင့်။ အဲဒီမှာ ကျမတို့ အထူးသတိထားစရာတခုက အမျိုးသမီးတွေဟာ မူးယစ်ဆေးနဲ့ဆက်နွှယ်လာပြီဆိုရင် အကြမ်းဖက်ခံရသူတွေ ဖြစ်မှန်းမသိ ဖြစ်လာကြတာပါ။

စောစောက ကိုခန့်ပြောသလိုပဲ အခုအချိန်မှာ အလုပ်အကိုင်တွေ ရှားလာတယ်။ အခွင့်အလမ်းတွေ ရှားလာတဲ့အချိန်မှာ KTV တို့၊ Night Club တို့မှာ လိင်ဖျော်ဖြေရေး အလုပ်လုပ်တဲ့သူတွေက အရင်ကထက်များလာပါတယ်။ နောက်ပြီးတော့ တချို့အမျိုးသားတွေဆိုရင် ဒီ KTV တို့၊ Night Club တို့မှာရှိတဲ့ အမျိုးသမီးတွေအပေါ် သူတို့ဘဝရဲ့ အဆင်မပြေမှုတွေကိုလာပြီး ပုံချကြတယ်ဆိုတာကို ကျမတို့နဲ့ ဆွေးနွေးခဲ့တဲ့ အမျိုးသမီးသုတေသီတွေကတဆင့် သိရပါတယ်။ ဒါတွေရဲ့ အကျိုးဆက်အနေနဲ့ တချို့အမျိုးသမီးတွေဟာ အတင်းအဓမ္မ လိင်အမြတ်ထုတ်ခံရတာ၊ အကြမ်းဖက်ခံရတာတွေ ဖြစ်လာပါတယ်။ ဒီလိုမျိုးကိစ္စတွေက အွန်လိုင်းပေါ်၊ သတင်းမီဒီယာပေါ် မရောက်ဘဲနဲ့ ကိုယ့်အချင်းချင်း ကျိတ်ပြီးဖြေရှင်းလိုက်ရတဲ့ အနေအထားမျိုးမှာ ရှိပါတယ်။

ဒါတွေကိုကြည့်မယ်ဆို အမျိုးသမီးတွေဟာ ဝန်ထုပ်ဝန်ပိုးတွေ၊ ဒဏ်ရာဒဏ်ချက်တွေကို ထပ်ဆင့်ထပ်ဆင့် ခံစားလာရတယ်ဆိုတာ ကျမတို့ တွေ့မြင်နိုင်ပါတယ်။

▶ ဆက်လက်ပြီးတော့ ဒုတိယစိန်ခေါ်မှုကို ဆွေးနွေးချင်ပါတယ်။ ဒါကတော့ အိမ်တွင်းအကြမ်းဖက်ခံရတာတွေပဲ ဖြစ်ပါတယ်ရှင့်။

ကျမတို့ရဲ့ လစဉ်ကောက်ယူထားတဲ့ ဒေတာတွေအရ ကြည့်ကြည့်မယ်ဆိုရင် ဒီ မူးယစ်ဆေးနဲ့ လောင်းကစားတွေရဲ့ ဒီနောက်ဆက်တွဲ သက်ရောက်မှုတွေမှာ ဥစ္စာပစ္စည်းဆုံးရှုံးတာတွေအပြင် အိမ်တွင်းအကြမ်းဖက်ခံရမှုတွေ သိသိသာသာကို တိုးလာပါတယ်။ အိမ်တွင်းအကြမ်းဖက်ခံရမှုတွေက အရင်ကထက်လည်း များလာတယ်။ ကျမတို့ဆွေးနွေးခဲ့တဲ့ အမျိုးသမီးသုတေသီတွေရဲ့ ပြောကြားချက်အရဆိုရင် အိမ်တွင်းအကြမ်းဖက်ခံရတယ်ဆိုတာက မူးယစ်ဆေး၊ လောင်းကစားကြောင့်ပဲ မဟုတ်ဘူး။ မိသားစုစီးပွားရေးအဆင်မပြေတာ၊ လူမှုရေးဖောက်ပြန်တာ စသဖြင့် တခြားအကြောင်းမျိုးစုံလည်း ပါဝင်တာကို ကျမတို့ တွေ့ရတယ်။


ဒီလိုမျိုး အိမ်တွင်းအကြမ်းဖက်ခံရမှုတွေကို နေ့စဉ်လိုလို ကြားနေရတဲ့အခါကျတော့ ကိုယ့်ရပ်ကွက်၊ ပတ်ဝန်းကျင်က လူတွေအတွက် ဒါတွေက ရိုးအီသလိုတောင် ဖြစ်လာပါတယ်။ ဒါကို ဝိုင်းပြီးဖြေရှင်းပေးတာမျိုးလည်း မရှိပါဘူး။ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ မထူးဆန်းတော့ပါဘူးဆိုတဲ့ normalize လုပ်လာတဲ့ အနေအထားမျိုးကို တဖြည်းဖြည်းရောက်လာတယ်ဆိုတာ တွေ့ရပါတယ်။ နောက်ပြီး ကျမတို့ ကောက်ယူထားတဲ့ စစ်တမ်းတွေကိုကြည့်မယ်ဆိုလည်း အမျိုးသမီးတွေက အခုလို အိမ်တွင်းအကြမ်းဖက်ခံရပြီဆိုရင် ဘယ်သူ့ကိုမှ မတိုင်ကြားဘဲ နေလိုက်ကြတာမျိုးတွေကိုလည်း တွေ့ရပါတယ်။ တကယ်လို့ တိုင်ကြားမယ်ဆိုရင်တောင် အမျိုးသမီးတွေအတွက်က တော်တော်ခက်ပါတယ်။ ဆိုပါတော့၊ ကိုယ့်အမျိုးသားက ကိုယ့်ကို ရိုက်နှက်လို့ သွားပြီးတိုင်လိုက်တယ်။ အဲဒီအခါ အဲဒီအမျိုးသားကို အပြစ်ပေးတဲ့အနေနဲ့ စစ်မှုထမ်းခိုင်းလိုက်တာမျိုးတွေ ရှိလာတဲ့အခါကျတော့ ကိုယ့်အမျိုးသားကိုများ စစ်မှုထမ်းခိုင်းလိုက်မှာလားဆိုတဲ့ စိုးရိမ်စိတ်တွေ၊ ကြောင့်ကြစိတ်တွေကြောင့် မတိုင်ဘဲနဲ့ နေကြတာမျိုးတွေ ရှိပါတယ်။ ကျမတို့ သူတို့နေရာကနေဝင်ကြည့်မယ်ဆိုရင်လဲ ဒီလိုမျိုးကြောင့်ကြတာ မမှားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ စစ်မှုထမ်းဖို့အတွက် အတင်းအဓမ္မ လူစုဆောင်းတာတွေ၊ ပေါ်တာဆွဲတာတွေ ဖြစ်နေတယ်။ နောက်ပြီးတော့ တရပ်ကွက်မှာ လူဘယ်နှယောက်ဆိုပြီးတော့ လူတွေကို တိရစ္ဆာန်လိုသဘောထားပြီး လူရောင်းလူဝယ်လုပ်နေကြတဲ့ကိစ္စတွေလည်း အများကြီးပါပဲ။ ဒီလိုခေတ်ဆိုးကြီးထဲမှာ ကိုယ်ပိုင်ဝင်ငွေမရှိဘဲ အမျိုးသားကို မှီခိုအားကိုးနေရတဲ့ အမျိုးသမီးတွေ၊ နောက် သားသမီးမျက်နှာကြောင့် အိမ်ထောင်ရေးက ရုန်းထွက်ချင်ရင်တောင်မှ ရုန်းမထွက်နိုင်တဲ့ အမျိုးသမီးတွေကလည်း အများကြီးပါပဲ။

## မူးယစ်ဆေးသုံးစွဲမှု၏ ဆိုးကျိုးများ

### လူမှုစီးပွားသုတေသနစစ်တမ်းတွေ့ရှိချက်


ISP Myanmar

၂၀၂၄ ခုနှစ် မတ်လမှ ဩဂုတ်လအထိ မြို့နယ် ၁၁၀ ၌ ကောက်ယူခဲ့သော ISP-Myanmar ၏ လူမှုစီးပွားသုတေသန လေ့လာမှု အချက်အလက်များအရ မူးယစ်ဆေးသုံးစွဲမှု နောက်ဆက်တွဲဆိုးကျိုးများထဲတွင် ပိုင်ဆိုင်မှုများဆုံးရှုံးမှု မှာ အများဆုံးဖြစ်သည်။ အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုမှာ ဒုတိယအများဆုံးဖြစ်၍ မြို့နယ် ၁၁၀ အနက် အနည်းဆုံး ၄၄ မြို့နယ်နှင့်အထက်တွင် လစဉ်ရှိနေပါသည်။




နိုင်ငံတဝန်း မြို့နယ် ၁၁၀ ၌ ISP-Myanmar ၏ သုတေသနကွန်ရက်က လေ့လာနေသော လူမှုစီးပွားသုတေသနစစ်တမ်းမှ အချက်အလက်များဖြစ်သည်။

ဆက်လက်ပြီးတော့ နောက်ဆုံးစိန်ခေါ်မှုကို ပြောပြချင်ပါတယ်။ ဒါကတော့ အမျိုးသမီးတွေဟာ ကိုယ့်ကိုယ်ကိုယ်ထက်စာရင် တခြားသူတွေကို ဦးစားပေးရမှုပဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ ကိုယ့်ရဲ့စိတ်ချမ်းသာမှု၊ ကိုယ့်လွတ်မြောက်မှုထက်စာရင် မိသားစုဝင်တွေဖြစ်ကြတဲ့ သားသမီးတွေ၊ နောက်ပြီး သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး ဒါတွေကို ပိုပြီး ပူပင်သောကရောက်ကြရတယ်။ ပိုပြီးတော့ စိတ်ပူကြတယ်။ ဒါတွေကို တတ်နိုင်သမျှ အဘက်ဘက်က ဖြည့်ဆည်းပေးနေကြတဲ့သူတွေကလည်း အမျိုးသမီးတွေပါပဲ။ ဒါကြောင့်မို့လို့ မြန်မာအမျိုးသမီးတွေ ရင်ဆိုင်ရတဲ့ လူမှုရေးဒုက္ခလို့ပြောမယ်ဆိုလို့ရှိရင် အင်မတန်မှကို ကြီးမားလွန်းလှပါတယ်လို့ ပြောချင်ပါတယ်။



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ ဆွေးနွေးပေးသွားတဲ့ panelists တွေအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျမတို့ ဒီနေ့ ဆွေးနွေးချက်တွေကို ပြန်ပြီးချုပ်တဲ့အနေနဲ့ မသက်က ဖြည့်စွက်ပြီးတော့ ပြောပေးပါအုံးရှင့်။



**သက်ကြည်စင်**
Program Head
Research Network Program
ဦးဆောင်ဆွေးနွေးသူ


ဟုတ်ကဲ့ပါရှင့်။ ၂၀၂၄ ရဲ့စစ်ရေးပဋိပက္ခ အရှိန်တက်နေတဲ့ ကျမတို့နိုင်ငံမှာဆိုရင် အမျိုးသမီးတွေအနေနဲ့က အရှေ့မှာဆွေးနွေးခဲ့ကြသလိုပဲ စစ်ဘေးကတမျိုး၊ ရာသီဥတုဘေးကတဖုံ၊ စားဝတ်နေရေး အခက်အခဲမျိုးစုံနဲ့ ရုန်းကန်နေကြတာပါ။ တကယ်တော့ ပြည်သူတွေ အထူးသဖြင့် ဒီနေရာမှာ အမျိုးသမီးတွေရဲ့ကြံ့ကြံ့ခံနိုင်စွမ်းဆိုတာက အရင်းအမြစ်နဲ့ဆက်စပ်ပါတယ်။ အမျိုးသမီးတွေအတွက် ငွေရေး

▶ ကြေးရေး စတဲ့ အရင်းအမြစ်တွေကို လူ့အဖွဲ့အစည်းက ဘယ်လောက်အထိ ပံ့ပိုးပေးထားသလဲဆိုတဲ့အပေါ်မှာလဲ အများကြီးမူတည်တယ်ပေါ့နော်။ ဥပမာ-အမျိုးသမီးတယောက်အတွက်က သူရဲ့အလုပ်လုပ်ပိုင်ခွင့်၊ သူတို့ရဲ့လုပ်အားကို အသိအမှတ်ပြုတာ၊ ဆုံးဖြတ်ချက် ချမှတ်နိုင်တာ၊ ငွေရေးကြေးရေး၊ နောက်ဆုံး မြေယာ စတဲ့ ဒီလိုမျိုးအရင်းအမြစ်တွေကို လက်လှမ်းမီရယူဖို့ လိုအပ်တယ်ပေါ့နော်။

တကယ်တမ်း အမျိုးသမီးတွေအနေနဲ့က အခုချိန်မှာ ဆက်လက်တောင့်ခံနေရပေမဲ့ လက်တွေ့ဘဝနဲ့ လေလုံးထဲက (အွန်လိုင်းပေါ်က) အခြေအနေတွေဟာ ကွာနေတဲ့အခါမှာ လေလျော်၊ လေစား လေထဲမှာပဲ ကြွေခိုင်ကြောင်းပြောနေရသလိုဖြစ်နေပါတယ်။ အချက်အလက်ကို အမှန်အတိုင်းမပေးဘဲ၊ မဆွေးနွေးကြဘဲနဲ့ အမြဲတစေ မျှော်လင့်ချက်အမှားတွေပေးပြီး ကြွေကြွေခိုင်ဖို့ တောင်းဆိုနေတာကတော့ မမျှတဘူး၊ မတရားဘူးလို့ ပြောရမှာပါ။

နောက်တခု အရေးကြီးတာက ဒီလိုမျိုး အကျပ်အတည်းကာလမှာ ပြည်သူလူထုရဲ့ အထူးသဖြင့် အမျိုးသမီးထု ကြုံနေရတဲ့ ဒုက္ခတွေ၊ သောကတွေ စတဲ့ ဒီပြဿနာတွေကို လက်တွေ့ကျကျ မဖြေရှင်းပေးနိုင်ဘူးဆိုရင်တော့ တဖြည်းဖြည်းနဲ့ ပြည်သူနဲ့ကင်းကွာပြီးတော့ လက်နက်ကိုင်သူ အချင်းချင်းကြားမှာပဲ အနိုင်ရသူ အကုန်ယူနဲ့ပဲ နိဂုံးချုပ်သွားတတ်ပါတယ်။

ဆိုတော့ ကျမတို့တိုင်းပြည်က အခုအချိန်မှာ ကုန်ထုတ်လုပ်မှုစွမ်းအား လျော့နည်းနေတယ်၊ စစ်ရေးပဋိပက္ခတွေကလည်း အရှိန်တက်နေတယ်၊ အဘက်ဘက်က စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ အမျိုးသမီးတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်မှုဆိုတာကတော့ လက်တွေ့မှာတော့ ချန်ရစ်ခံရတတ်ပါတယ်။ အထူးသဖြင့် အခုလို အကျပ်အတည်းကာလမှာ ပိုလို့တောင်မှ အမေ့လျော့ခံ အမျိုးသမီးတွေရဲ့ ဘဝ အပြောင်းအလဲကို ဆန်းစစ်ဖို့လိုအပ်မယ်လို့ မြင်ပါတယ်ရှင့်။



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့။ ကျမတို့ ဆွေးနွေးမှုကတော့ ဒီလောက်ပဲပြီးပါပြီ။ အမေးအဖြေကဏ္ဍကို သွားချင်ပါတယ်ရှင့်။ ဒီဆွေးနွေးပွဲကို တက်ရောက်လာတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ရင်ဖွင့်စကားသံမှတ်ချက်တွေနဲ့ မေးခွန်းတွေကို ဖိတ်ခေါ်သွားပါမယ်။ အခုလောလောဆယ် ကျမတို့ email ကနေရထားတဲ့ မေးခွန်းတခုကို စီစဉ်ထားပါတယ်။

ကျမတို့အမျိုးသမီးတွေဟာ ဘာလို့ ဒီလောက်အထိ ဒဏ်ရာဒဏ်ချက်တွေကို ကြီးကြီးမားမား ခံစားနေရတာလဲလို့ ကိုယ့်ကိုယ်ကိုယ် ညည်းမိပါတယ်။ ဒါပေမဲ့လည်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အဆင်ပြေမနေတဲ့ ဒီအခက်အခဲကာလကြီးကို အမျိုးသမီးတွေ ဘယ်လိုကျော်လွှားရမလဲဆိုတဲ့မေးခွန်းကိုလည်း စဉ်းစားမိတယ်ပေါ့နော်။ ဒီမေးခွန်းကလေးကို ကျမမေးချင်ပါတယ်။



**စုလင်းဟန်**
Program Assistant
Research Network Program
ဆွေးနွေးဖက်


ဟုတ်ကဲ့ရှင့်။ ကျမ ဖြေလိုက်ပါမယ်။ အရင်ဆုံး မေးခွန်းမေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျမတို့တွေလည်း အတော်ကို ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါတယ်။ ဒီအခက်အခဲကာလကြီးမှာ အမျိုးသမီးတွေရဲ့ဘဝဟာ ပိုပြီးကြမ်းတမ်းခက်ခဲလာတယ်လို့ ထင်မိပါတယ်။

နောက်ပြီးတော့ နေ့စဉ်စားဝတ်နေရေးအတွက် ပူပန်ရတယ်။ ကိုယ့်ရဲ့မိသားစုရေး၊ နောက် ကိုယ့်ရဲ့လုံခြုံရေး ဒါတွေကိုလည်း ရတက်မအေးဖြစ်ရပါတယ်။ အမျိုးသမီးတွေရဲ့ဘဝဟာ တော်တော်ကို စိတ်ပန်းလူပန်း ဖြစ်ရပါတယ်။

ကျမတို့နဲ့ဆွေးနွေးခဲ့ကြတဲ့ အမျိုးသမီးသုတေသီတွေကတဆင့် သိရှိခဲ့ရတဲ့ ဖြစ်ရပ်လေးတခုကို ဥပမာအနေနဲ့ ပြောပြချင်ပါတယ်။ ဒီဖြစ်ရပ်မှာဆိုရင် လစာနည်း ဝန်ထမ်းအမျိုးသမီးတယောက်ပေါ့နော်။ မိသားစုမှာ သူနဲ့ သူ့ဖခင် နှစ်ယောက်ပဲ ရှိတယ်။ သူ့ရဲ့အဖေက ကျန်းမာရေးမကောင်းဘူး။ အသက်ကလည်း တော်တော်ကြီးနေပြီ။ တောက်လျှောက် သူပဲပြုစုလာခဲ့ရတယ်။ အခုအချိန်မှာ အားလုံးသိကြတဲ့အတိုင်းပဲ ကုန်ဈေးနှုန်းတွေကလည်း တက်ပြီးရင်းတက်လာတယ်။ နောက် ဒီအမျိုးသမီးအနေနဲ့ နိုင်ငံရေးသတင်းတွေကို အမြဲနားထောင်တယ်။ ဒီနိုင်ငံရေးသတင်းတွေကလည်း တကယ်တော့ သူ့ကို တော်တော်လေး စိတ်ဖိအားဖြစ်စေပါတယ်။ အဲဒီလိုအခြေအနေမှာပဲ သူကိုယ်တိုင်ကလည်း ကျန်းမာရေး မကောင်းဖြစ်လာပါတယ်။

သူ တွေးမိတာက အခုအချိန်မှာ စစ်ရေးပဋိပက္ခဘောင်တွေက ကျယ်လာတဲ့အခါ သူတို့သားအဖ နေတဲ့နေရာကို တိုက်ပွဲတွေရောက်လာရင် ဘယ်လိုလုပ်မလဲ၊ သူတို့သားအဖ ဘယ်နေရာကိုများ ရှောင်ပြေးကြရမလဲဆိုပြီး အတွေးတွေ ဝင်လာတယ်။ ဒါတွေကပဲ သူ့ကို တော်တော်လေးကို စိတ်ဖိစီးမှုဖြစ်စေပြီး နောက်ဆုံးမှာ သူ့ကိုယ်သူ အဆုံးစီရင်ဖို့ကြိုးစားပါတယ်။ ဒီနေရာမှာ ကံကောင်းသွားတာက ပတ်ဝန်းကျင်က ဒါကိုမြင်လိုက်တဲ့အချိန်မှာ ဒီအမျိုးသမီးကို အချိန်မီ ကယ်တင်လိုက်နိုင်ပြီးတော့ တားဆီးနိုင်ခဲ့တယ်ပေါ့နော်။ နောက်ပြီးတော့ ပတ်ဝန်းကျင်ကပဲ သူ့ကို အဘက်ဘက်ကနေပြီးတော့ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရင်းနဲ့ အခုဆိုရင် သူဟာ တစုံတရာ ရပ်တည်နိုင်တဲ့အခြေအနေကို ပြန်ရောက်လာပါတယ်။

ဒီနေရာမှာ ကျမပြောပြချင်တာကတော့ ဒီလိုပတ်ဝန်းကျင်မျိုးဟာ ကျမတို့ အမျိုးသမီးတွေအတွက် အတော့်ကို အထောက်အကူပြုပါတယ်။ နောက်ပြီးတော့ အမျိုးသမီးအဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့တွေ၊ ကိုယ်ထူကိုယ်ထအဖွဲ့တွေ၊ လူမှုအဖွဲ့အစည်းတွေကလည်း အမျိုးသမီးတွေကို စိတ်ခွန်အားပေးနိုင်တဲ့ အသိုက်အဝန်းမျိုး၊ အစုအဖွဲ့မျိုးတွေ ဖန်တီးပေးဖို့လိုပါတယ်။ ဝိုင်းဝန်းကြိုးစားဖို့လည်း ဒီနေရာကနေ တိုက်တွန်းချင်ပါတယ်။ ဒီလိုနည်းနဲ့ပဲ အမျိုးသမီးတွေဟာ ဒီလိုခက်ခဲတဲ့ကာလမှာ ကြံ့ကြံ့ခံဖြတ်သန်းနိုင်လိမ့်မယ်လို့လည်း ကျမ ထင်ပါတယ်ရှင့်။




**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

ဖြေကြားပေးသွားတဲ့ မစုကို ကျေးဇူးတင်ပါတယ်။ ကျမတို့ ပရိသတ်ထဲက လက်ထောင်ထားတာ တွေ့ပါတယ်။ ပထမဆုံး လက်ထောင်ထားတဲ့ ဆရာမတယောက်ကို မိုက်ဖွင့်ပေးထားပါတယ်။ မေးလို့ရပါပြီ။



ISP ကပြင်ရပ်ဝန်းသူတဦး

ကျမက မေးခွန်းမေးမှာတော့မဟုတ်ပါဘူး။ ဖြည့်စွက်ပြီးတော့ ပြောချင်တာပါ။ လောလောဆယ်တော့ ညီမက ရခိုင်ပြည်နယ်ထဲက စစ်ဘေးရှောင် အမျိုးသမီးတဦးပါ။ ကိုယ်တွေ့အနေနဲ့ပြောရမယ်ဆိုရင် ဒီအမျိုးသမီးတွေမှာ တခြား Human Resource ရဲ့ အဓိကကျတဲ့ ကိုယ်ဝန်သည်မိခင်တွေပေါ့နော်၊ ညီမကိုယ်တွေ့အရဆိုရင် စစ်ဘေးကြောင့် တခြားနယ်ဘက်ကို ရောက်လာကြတယ်။ သူတို့က ကိုယ်ဝန်ကြီးနဲ့။ ဘယ်လိုပြောရမလဲဆိုတော့ လုံလောက်တဲ့ အစာအာဟာရတွေ မရဘူး။ နောက် တခြားနို့တိုက်မိခင်တွေဆိုရင်လေ အဲဒီလိုကလေးသူငယ်တွေအတွက် လုံလောက်တဲ့အာဟာရတွေ မပေးနိုင်တာတွေ ရှိတယ်။ အဲဒါတချက်။ ညီမအနေနဲ့ ဖြည့်စွက်ပြီးတော့ ပြောချင်တာပါ။ အဲဒါလေးတချက်။ အဲဒါကြောင့် အမျိုးသမီးတွေလို့ပြောရင် ကလေးမိခင်တွေရှိမယ်။ ပြီးတော့ ကိုယ်ဝန်သည် အမျိုးသမီးတွေ ရှိမယ်ပေါ့။



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး


ဟုတ်ကဲ့၊ ဆရာမပြောသွားတာ အရမ်းမှန်ပါတယ်။ ကျမတို့ အမျိုးသမီးတွေမှာဆို ကိုယ်ဝန်ဆောင်မိခင်တွေကိုလည်း မေ့ထားလို့မရပါဘူး။ ဖြည့်ပြီးတော့ ပြောကြားပေးတာ ကျေးဇူးတင်ပါတယ်။ ကျမတို့ နောက်ထပ် ပရိသတ်တယောက် ထပ်ခေါ်ပါမယ်။ လက်ထောင်ထားတဲ့ ဆရာတယောက်ကို မိုက်ဖွင့်ပေးလိုက်ပါပြီရှင့်။ မေးလို့ရပါပြီ။



ISP ကပြင်ရပ်ဝန်းသားတဦး

ဟုတ်ကဲ့၊ အမျိုးသမီးဆိုတော့ ကျနော်တို့က ဒီမှာကျတော့ အမျိုးသမီးတွေမှာ စောစောတုန်းက တယောက် ဖြည့်ပြောသွားတယ်။ အဲဒီတော့ သက်ကြီးရွယ်အိုတွေ၊ အဘွားအိုတွေ ဥပမာ ကျနော်တို့ battle field ပေါ့နော်၊ စစ်မြေပြင်မှာ အမျိုးသမီးတွေဆိုတာ များသောအားဖြင့် အသက် ၆၀ ကျော်ဆိုရင် တော်ရုံတန်ရုံက မလုပ်နိုင်တော့ဘူးလေ။ အဲဒီတော့ လှုပ်ရှားမှုမရှိနိုင်တော့ဘူး။ ဒါပေမဲ့ သူတို့တွေ ရက်ရက်စက်စက် သတ်ဖြတ်ခံရတယ်။ ဥပမာ မီးရှို့တာတို့ ဘာတို့ပေါ့နော်။ စစ်တပ်ကလုပ်တာတွေရှိတယ်။ ဒါမျိုးတွေကျတော့လည်း ကျနော်တို့က မေ့ထားလို့မရဘူးလေ။ ဥပမာ ကလေးသူငယ်တွေ၊ အထူးသဖြင့် အမျိုးသမီးမွေးကင်းစကလေးလေးတွေပေါ့နော်၊ ငါးနှစ်၊ ခြောက်နှစ်တို့ကိုအိမ်ပေါ်မှာတင်ရက်ရက်စက်စက် ပစ်သတ်ခံရတယ်။ သပိတ်ကာလမှာ လုံခြုံရေးတပ်ဖွဲ့တွေကနေပြီးတော့ အဲဒါမျိုးတွေ ရှိခဲ့တယ်။ အဲဒီတော့ ဒါတွေကို ကျနော်တို့က ဘယ်လိုပြန်ကုစားမလဲ။ ဒီအမျိုးသမီးတွေရဲ့ ကဏ္ဍက တအားကြီးမားတယ်။ အဲဒါကြောင့်မို့ ကျနော်တို့ဘုရားက ဟောခဲ့တယ်လေ။ ၃၈ ဖြာမင်္ဂလာမှာ မာတာပိတု ဥပဋ္ဌာနံ၊ အဲဒီတော့ အမေပြီးမှ အဖေလာတာ။ မိဘတွေပေါ့နော်။ အဲဒီတော့ ကျနော်တို့ရဲ့ ဗုဒ္ဓဝါဒမှာလည်း အမျိုးသမီးတွေက အဓိက ထိပ်ကပဲပါတာကိုး။ ဘယ်နားကြည့်ကြည့်လေ၊ မာတာပိတု အမေပြီးမှ အဖေ။ အိမ်တအိမ်မှာပဲ ကြည့်၊ အမေပြီးမှ အဖေဆိုတော့ အမေတွေရဲ့ struggle လုပ်ရတာ၊ မိခင်တွေရဲ့ struggle လုပ်ရတာ အရမ်းပင်ပန်းပါတယ်။ ဒါပေမဲ့ အစောတုန်းကပြောသလိုပဲ အဲဒီထက်ပိုပြီး အရေးကြီးတာက ကျနော်တို့ အဘွားအိုအရွယ်တွေ၊ ဘာမှန်းမသိတဲ့ ကလေးလေးတွေက စစ်မြေပြင်မှာ အသတ်

ခံနေရတယ်။ ဒါ ဘာကြောင့်လဲ။ စစ်၊ စစ်တခုကြောင့်။ ဒီစစ် ဘာကြောင့်ဖြစ်သလဲ၊ ဒါကို ပြန်ပြီးတော့ ကျနော်တို့က လှမ်းပြီး တဆုံးအထိကြည့်ရမှာ။ သူ့ရဲ့ပြဿနာက ဘယ်က စလာသလဲ။ အဲဒီတော့ ဒီဟာတွေကို ပြန်ကောက်ပြီးတော့မှ ဒီစစ်ကို ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်မလဲ။ ဒါ အာဏာသိမ်းကတည်းက ဖြစ်လာတဲ့အကျိုးဆက်တွေပဲ။ ဒီအာဏာသိမ်းတာကို နောက်တကြိမ်မဖြစ်အောင် အမျိုးသမီးကဏ္ဍအနေနဲ့၊ sector အနေနဲ့ ဘယ်လိုပါဝင်ပြီးတော့ ပြဿနာကိုဖြေရှင်းနိုင်မလဲ။ အဲဒါလေး ဖြည့်ပြီးတော့ ဆွေးနွေးတာပါ။ ကျေးဇူးတင်ပါတယ်။



အင်ကြင်းမေ
Program Head
Communications Department
အခမ်းအနားမှူး

ဆွေးနွေးပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ သက်ကြီးရွယ်အိုတွေလည်း တကယ့်ကို ဒုက္ခရောက်တာပါ။ ဟုတ်ကဲ့၊ ကျမတို့ နောက်ဆုံးတယောက်ခေါ်ပါမယ်။ ဆရာမတယောက်ကို မိုက်ဖွင့်ပေးလိုက်ပါ့မယ်။ မေးလို့ရပါပြီရှင့်။




ISP ကပြင်ရပ်ဝန်းသူတဦး

ဟုတ်ကဲ့ပါ။ မေးခွန်းတခုလောက် သိချင်လို့ပါရှင့်။ ဆရာမတို့ ဆွေးနွေးသွားတဲ့အထဲမှာ အိမ်ထောင်ရှင်အမျိုးသမီးတွေအနေနဲ့ ကိုယ့်ရဲ့ဝင်ငွေလည်း မရှိဘူး။ သူ့ရဲ့ အိမ်ထောင်ဦးစီးရဲ့ဝင်ငွေကို အားကိုးပြီး၊ မှီခိုပြီးတော့ နေရတယ်။ ဒီကြားထဲမှာ သူ့ရဲ့အမျိုးသားနဲ့ အဆင်မပြေတာတွေကို တိုင်ကြားချင်ပေမဲ့ စစ်မှုထမ်းဖို့ဆိုပြီးတော့ ပြောသွားတဲ့ဟာမှာလေ၊ အဲဒီမှာ သူ့ရဲ့ ဒီအိမ်ထောင်ဦးစီးရဲ့ဝင်ငွေကို မှီခိုနေရတာကြောင့် ရုန်းထွက်လို့ မရနိုင်တဲ့တပိုင်းရှိတယ်ပေါ့လေ။ သားသမီးရဲ့မျက်နှာကို ကြည့်ပြီးတော့လည်း ရုန်းမထွက်နိုင်တဲ့ အပိုင်းတွေ ရှိမယ်ပေါ့လေ။ ဒီလိုမျိုး အလုပ်လက်မဲ့၊ အလုပ်မရှိဘဲလေ အိမ်ထောင်ဦးစီးကို မှီခိုပြီးတော့နေရတဲ့ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုမျိုးရုန်းထွက်သင့်လဲ။ အမျိုးသမီးတွေအနေနဲ့လည်း အဓိက အလုပ်အကိုင်နဲ့ သူ့ရဲ့အရည်အချင်း၊ ပညာအရည်အချင်းကအစ အကုန်အဆင်မပြေနေတဲ့အတွက်ကြောင့်မို့ အမျိုးသားအပေါ်ပဲ မှီခိုနေရတဲ့အချိန်မှာ ဘယ်လိုမျိုး ရုန်းထွက်သင့်သလဲ။ ဘယ်လိုမျိုး နည်းလမ်းတွေကို သုံးသင့်ပါသလဲ။



**သက်ကြည်စင်**
Program Head
Research Network Program
ဦးဆောင်ဆွေးနွေးသူ

ကျေးဇူးပါ ဆရာမလေး။ ကျမတို့လည်း မြန်မာနိုင်ငံရဲ့ လူမှုစီးပွားအခြေအနေကို လေ့လာတဲ့အခါမှာ ဒီသက်ရောက်မှုတွေကို အဓိကလေ့လာပါတယ်။ ဒီအထဲမှာမှ အမျိုးသမီးတွေအပေါ်ကို အများဆုံးသက်ရောက်တယ်ဆိုပြီးတော့ ပြောတယ်ပေါ့နော်။ တလောကပဲ ကျမတို့ အမျိုးသမီး ၅၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့တာတွေရော၊ ပြီးတော့ အမျိုးသမီးသုတေသီတွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာဆိုရင်လည်း အမျိုးသမီးတွေအနေနဲ့က အခုချိန်မှာ သူတို့ ဆက်လက်တောင့်ခံနိုင်သေးတယ်ပေါ့နော်။ ဘာလို့လဲဆိုတော့ စောစောကပြောတဲ့ သားသမီးမျက်နှာကြောင့်ရော၊ ပြီးတော့လည်း အိမ်ထောင်ဦးစီးကို မှီခိုနေရတာရော။ ဆိုတော့ အခုအချိန်မှာ သူတို့အတွက်လိုအပ်တာ ကျမမြင်တာကတော့ အမျိုးသမီးအချင်းချင်း ပိုပြီးစုဖွဲ့မှု၊ အချင်းချင်းပံ့ပိုးမှု၊ ဒီလိုမျိုးက ပိုပြီးလိုအပ်မယ်လို့ ထင်ပါတယ်။ သူတို့အတွက် စိတ်ခွန်အား တစုံတရာ ပေးနိုင်မလားပေါ့နော်။ အဲဒီအတွက်လည်း ကျမတို့ လူမှုအဖွဲ့အစည်းတွေအနေနဲ့ရော၊ အမျိုးသမီးအဖွဲ့အစည်းတွေအနေနဲ့ရော၊ ပြီးတော့ တခြားရပ်ရေးရွာရေးအဖွဲ့တွေကရော ဒါတွေကို ဘယ်လိုမျိုး ကူညီပံ့ပိုးနိုင်မလဲ။ ဆိုတော့ ကျမတို့ရဲ့လေ့လာတွေ့ရှိချက်အရကတော့ အဲဒီအချက်က လက်တွေ့မှာ အမျိုးသမီးတွေအတွက် လိုအပ်နေသေးတယ်လို့ ဖြေချင်ပါတယ်ရှင့်။



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ၊ ကျမတို့ရဲ့အစီအစဉ် အချိန်အကန့်အသတ်ကြောင့်မို့လို့ မေးခွန်းတွေကို ဒီလောက်နဲ့ပဲ ရပ်နားပါ့မယ်။ ဒီနေ့ဆွေးနွေးပွဲမှာ အချုပ်အနေနဲ့ မသက်က ထပ်ပြီးတော့ ဖြည့်စွက်ပေးပါဦး။



**သက်ကြည်စင်**
Program Head
Research Network Program
ဦးဆောင်ဆွေးနွေးသူ

အမျိုးသမီးထုက အခုအချိန်မှာ ဒုက္ခတွေကိုခါးစည်းခံနေရပေမဲ့ ကျမတို့ရဲ့ အမျိုးသမီးသုတေသီတွေရော၊ စောစောကဆွေးနွေးသွားကြတဲ့ ဆရာ၊ ဆရာမတွေ ပြောတဲ့အတိုင်းပါပဲ။ အမျိုးသမီးတွေအနေနဲ့ အခုအချိန်မှာ မှန်တာကို လုပ်မိလို့ နောင်တမရဘူး၊ အနုတ်စိတ်ရှိနေသေးတာ၊ အဖြေရှာဖို့အတွက် ဖန်တီးတီထွင်မှုရှိရှိ ကြံဆတာ၊ သူတို့အတွက်တင်မကဘူး၊ မိသားစုအတွက်ရော၊ လူ့အဖွဲ့အစည်းအတွက်ကိုပါ အမြဲထည့်သွင်းစဉ်းစား ပြင်ဆင်တာတွေကို တွေ့ရပါတယ်။ ဒါက ကျမတို့ရဲ့ လေ့လာတွေ့ရှိမှုတခုပါ။ ဒါဟာ တကယ့်ကို အပြုံခံစိတ်နဲ့ နေထိုင်နေတာမဟုတ်ဘူးဆိုတာကို ရှုမြင်သုံးသပ်လို့ ရပါတယ်။


ဒီနေရာမှာ ကျမတို့ပြောချင်တာကတော့ အမျိုးသမီးတွေက အခုအချိန်မှာ တဦးချင်း ကြံ့ကြံ့ခိုင်ရပ်တည်နိုင်စွမ်းက အားကောင်းနေသေးတယ်။ ဒါပေမဲ့ အသိုက်အမြုံ၊ အသိုက်အဝန်းအရ  ကူညီပံ့ပိုးမှုရှိတဲ့ အခွင့်အလမ်းကျတော့ နည်းပါးနေသေးတာကို သတိပြုမိပါတယ်။

ကျမတို့ရဲ့ အမျိုးသမီးသုတေသီတွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း အမျိုးသမီးတွေက၊ စောစောက ကျမဖြေတဲ့မေးခွန်းမှာလည်း ပါပါတယ်၊ အချင်းချင်း စိတ်ခွန်အားပေးနိုင်တဲ့၊ ဆိုးတိုင်ပင်ကောင်းတိုင်ပင် မျှဝေလေ့လာနိုင်တဲ့၊ အကြံပေးအကြံယူနိုင်တဲ့ အခွင့်အရေးမျိုး၊ အစုအဖွဲ့လိုမျိုး၊ ကွန်ရက်လိုမျိုးကို သူတို့ အထူးတောင့်တလိုလားကြတာ သတိပြုမိပါတယ်။

အခုအချိန်မှာ သူတို့အနေနဲ့ ဒုက္ခတွေကို ရုန်းကန်ဖြေရှင်းရတာ၊ တောင့်ခံထားနိုင်တာတွေကို အရှုံးမပေးတဲ့စိတ်နဲ့ ပြောကြပေမဲ့လည်း အမျိုးသမီးအချင်းချင်းကြားစုဖွဲ့ပံ့ပိုးပေးတဲ့ လူမှုအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ရပ်ရေးရွာရေးအဖွဲ့တွေက အားကိုးဖော်ပြတာမျိုး မရှိသလောက်နည်းပါးတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စောစောက မစုပြောတဲ့ အဖြစ်အပျက်မှာဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တဲ့အခါမှာ ပတ်ဝန်းကျင်ကတွေ့လို့၊ ပတ်ဝန်းကျင်ရဲ့ ဖေးမမှုကို ရပြီးတော့ ပြန်ပြီးရှင်သန်လာတာလိုမျိုးပေါ့နော်။

ဆိုတော့ ဒီလိုမျိုး အဖွဲ့အစည်းတွေရှိတာဟာဆိုရင် ငွေကြေးနဲ့ ရုပ်ဝတ္ထုအကူအညီ မဖြစ်နိုင်သေးဘူးဆိုရင်တောင်မှ ကွတ္တိယအမျိုးသမီးအချင်းချင်း ကျောချင်းကပ်၊ အစုအဖွဲ့တွေအဖြစ်နဲ့ အပြန်အလှန်စောင့်ရှောက်ပံ့ပိုးခွင့်၊ စိတ်ခွန်အားပေးခွင့် ရမယ်လို့ မြင်ပါတယ်။ တဦးချင်းဆိုလိုမ့်ခံ၊ အဖော်နဲ့ဆိုတွန်းလှန်လို့ ပြောရမှာပါပဲ။ ဆိုတော့ အသိုက်အမြုံစုဖွဲ့မှုဟာ ပြိုင်တူတွန်းရင် ရွေ့မယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ ခွန်အားကိုပေးပါတယ်။

ဆိုတော့ ဒီကဏ္ဍကို ကျမတို့အနေနဲ့ ဘယ်လိုအားကောင်းအောင် ချဲ့ထွင်မြှင့်တင်မလဲ ဆိုတာက မြန်မာ့အရေးဆောင်ရွက်နေသူတိုင်း စဉ်းစားသင့်ပါတယ်။ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ ပေါ်လစီပိုင်း၊ နိုင်ငံရေးအပြောင်းအလဲပိုင်းကို စဉ်းစားပြင်ဆင်တဲ့ အခါမှာတော့ ခေါင်းဆောင်မှုနေရာမှာရှိတဲ့သူတွေရော၊ အဖွဲ့အစည်းတွေအနေနဲ့ပါ အမျိုးသမီးထုရဲ့ဒုက္ခနဲ့ ရုန်းကန်မှုတွေကို အဓိကထည့်သွင်းပြီး ဦးစားပေးဆောင်ခြင်ကြဖို့ လိုအပ်ပါတယ်လို့ ပြောကြားရင်းနဲ့ ကျမတို့ရဲ့ဆွေးနွေးပွဲကို နိဂုံးချုပ်ချင်ပါတယ်။



**အင်ကြင်းမေ**
Program Head
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ကျေးဇူးပါ။ ကျမတို့ရဲ့ ဒီနေ့အစီအစဉ်မှာပေါ့နော် မဖြေလိုက်ရတဲ့မေးခွန်းတွေ၊ မှတ်ချက်တွေလည်း ရှိနေပါတယ်။ ဒါတွေကို နောက်ပိုင်းမှာ ကျမတို့ အီးမေးလ်ကနေ ပြန်လည်ဖြေကြားသွားပါ့မယ်။ ဒီနေ့တင်ပြခဲ့တဲ့ အချက်အလက်တွေအပြင် တခြားသော သုတေသနတွေ့ရှိချက်တွေကိုလည်း ကျမတို့ရဲ့ website ဖြစ်တဲ့ www.ispmyanmar.com နဲ့ ဆိုရှယ်မီဒီယာတွေမှာလည်း အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါတယ်။ အခုအစီအစဉ်ကို အချိန်ပေးပြီး တက်ရောက်လာတဲ့ ကပြင်ရုပ်ဝန်းသူ၊ ရုပ်ဝန်းသား တဦးချင်းစီကို အထူးကျေးဇူးတင်ရှိကြောင်းပြောရင်းနဲ့ ဒီနေ့အစီအစဉ်ကို ဒီမှာပဲရပ်နားပါရစေ။ ■

# နောက်ဆက်တွဲမေးခွန်းနှင့် ဖြေဆိုချက်များ

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပြုလုပ်ခဲ့သော ‘ISP နှင့်အတူ မိနစ် ၃၀’ အစီအစဉ် ပြုလုပ်ချိန်အတွင်း စာဖြင့် ရေးသားမေးမြန်းခဲ့သော မေးခွန်းများကို ပြန်လည်ဖြေဆိုထားခြင်း ဖြစ်ပါသည်။

ဒီလေ့လာမှုမှာမေးခဲ့တဲ့ အမျိုးသမီး ၅၀၀ကျော်က ဘယ်ဒေသကလဲ၊ တိုင်းရင်းသားဒေသက အမျိုးသမီးတွေရောပါလားဆိုတာ မေးချင်ပါတယ်။

ဟုတ်ကဲ့၊ ကျမတို့ရဲ့ သုတေသနကွန်ရက်က မြို့နယ် ၁၁၀ ဖြစ်တဲ့ တိုင်းနဲ့ ပြည်နယ်အနှံ့ ခရိုင်မြို့နယ် ၇၅ မြို့နယ်၊ ကျန် ၃၅ မြို့နယ်ကို စီးပွားရေးအရ၊ လူဦးရေအရ အများဆုံးမြို့နယ်တွေကို ရွေးချယ်ထားတာဖြစ်ပါတယ်။ ဆိုတော့ အမျိုးသမီး ၅၀၀ ကျော်ကလည်း ဒီမြို့နယ် ၁၁၀ က ဖြစ်ပြီးတော့ တိုင်းရင်းသားဒေသတွေဖြစ်တဲ့ ကချင်၊ ရခိုင်၊ ကရင်နီ၊ ကရင်စတဲ့ အမျိုးသမီးတွေလည်း ဒီစစ်တမ်းမှာ ပါဝင်တာဖြစ်ပါတယ်။ တချို့ဒေသတွေမှာဆိုရင် မြို့ပြ၊ ကျေးလက်သာမက စစ်ရှောင်နေရတဲ့ အမျိုးသမီး သုတေသီတွေရော၊ သူတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ အမျိုးသမီးတွေကိုပါ စစ်တမ်းကောက်ယူခဲ့ပါတယ်။ ■

စစ်ရေးပဋိပက္ခ ဘောင်ကျယ်လာတာနဲ့အမျှ အမျိုးသမီးတွေရဲ့ လုပ်နိုင်စွမ်းအား၊ အမျိုးသမီးတွေအပေါ်မှာ နည်းမျိုးစုံနဲ့ တားမြစ်ပိတ်ဆို့တာတွေ၊ ရုပ်ပိုင်းဆိုင်ရာခြိမ်းခြောက်ခံရမှုတွေ စတဲ့ case တွေအတွက် တစုံတရာ အဖြေရှာနိုင်မယ့်နည်းနာ ရှိမလား၊ ဘယ်လိုချဉ်းကပ်နိုင်မလဲ။

ဟုတ်ကဲ့၊ ကျမတို့ရဲ့ဆွေးနွေးပွဲမှာ ပြောကြားခဲ့သလိုပါပဲ၊ အမျိုးသမီးတွေအနေနဲ့ ကိုယ်ရောစိတ်ပါ လုံခြုံမှုရှိမနေတာဖြစ်ပါတယ်။ အခုလိုမလုံခြုံတဲ့ကာလမှာ အမျိုးသမီးတွေ အချင်းချင်း စိတ်ခွန်အားပေးနိုင်ဖို့နဲ့ ပတ်ဝန်းကျင်ရဲ့ စောင့်ရှောက်ပေးမှုတွေဟာ အရေးကြီးတယ်လို့ ကျမတို့ရဲ့ အမျိုးသမီးသုတေသီတွေနဲ့ ဆွေးနွေးမှုအရ သိရှိရတဲ့အတွက် ဒါက အခုကာလမှာ ဖြေရှင်းနိုင်မယ့် နည်းလမ်းတခုလို့ မြင်ပါတယ်။ ဒုတိယတခုကတော့ အမျိုးသမီးတွေရဲ့ စွမ်းရည်မြှင့်တင်ဖို့အတွက်ဆိုရင် အတတ်ပညာတခုခု သင်ကြားပေးဖို့နဲ့ အရင်းအနှီးထုတ်ပေးနိုင်ဖို့က အရေးကြီးတယ်လို့ မြင်ပါတယ်။ ဒါတွေဟာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေရော၊ ရပ်ရွာတွင်း အရပ်ဘက်အဖွဲ့အစည်းတွေ၊ NGO၊ INGO အဖွဲ့တွေနဲ့ ကိုယ်ထူကိုယ်ထအဖွဲ့တွေကရော ပုံစံမျိုးစုံနဲ့ လုပ်ဆောင်ပေးသင့်ပါတယ်။ ဥပမာဆိုရရင် အမျိုးသမီးတွေ ဘဝရပ်တည်နိုင်ရေးအတွက် အတတ်ပညာတရပ်ရပ် သင်ပေးတာ၊ တနိုင်တပိုင် အသေးစားစီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ ချေးငွေထုတ်ပေးတာ အစရှိတာတွေကို အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေက လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် နေရာဒေသအသီးသီးမှာရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့လည်း မိမိတို့ အုပ်ချုပ်ရေးယန္တရားအတွင်းမှာ အမျိုးသမီးတွေရဲ့အသံကို နားထောင်ပြီး အမျိုးသမီးတွေကို ကာကွယ်နိုင်မယ့် အစီအမံတွေ ချမှတ်ပေးတာ၊ တရားဥပဒေစိုးမိုးနိုင်ဖို့ အကောင်အထည်ဖော်တာ၊ အုပ်ချုပ်ရေးကဏ္ဍမှာ အမျိုးသမီးတွေပါဝင်လာဖို့ အားပေးတာတွေကို လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ■

**NUG မှာ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်ဝန်ကြီးဌာနရှိတယ်လို့ သိရပါတယ်။ ဘယ်လောက်အထိ ပြည်သူတွေကို ဖြည့်ဆည်းပေးနိုင်နေပါပြီလဲ။**

ISP-Myanmar က လစဉ်ကောက်ယူနေတဲ့ လူမှုစီးပွားသုတေသနနဲ့ စစ်တမ်းကောက်ယူမှုတွေမှာ ဒီအကြောင်းအရာကို သီးသန့်မေးမြန်းလေ့လာထားတာ မရှိတဲ့အတွက် မြေပြင်အခြေအနေကို ဖြေဆိုပေးဖို့ခက်ပါတယ်။ ဒါပေမဲ့ NUG အမျိုးသမီး၊ လူငယ်နဲ့ ကလေးသူငယ်ရေးရာဝန်ကြီးဌာနရဲ့ အစီရင်ခံစာတွေအရ အဲဒီဌာနဟာ 3P လို့ခေါ်တဲ့ အမျိုးသမီး၊ လူငယ်နဲ့ ကလေးသူငယ်တွေကို ကာကွယ်ပေးတာ (Protect)၊ အခြေခံလိုအပ်ချက်တွေကိုပံ့ပိုးတာ (Provide) နဲ့ ဖက်ဒရယ်တည်ဆောက်ရေးမှာ အမျိုးသမီးနဲ့လူငယ်တွေ ခေါင်းဆောင်ကဏ္ဍကနေ ပါဝင်နိုင်ဖို့ မြှင့်တင်ပေးတာ (Promote) စတဲ့ ရည်ရွယ်ချက်အပေါ်မှာ အခြေခံတယ်လို့ သိရပါတယ်။ ဌာနအနေနဲ့ ကိုယ်ဝန်ဆောင်မိခင်၊ ကလေးနဲ့ တိုက်ပွဲအတွင်းမှာ ဒဏ်ရာရတဲ့ လူငယ်တွေကို ပြန်လည်ထူထောင်ရေး လုပ်ဆောင်ပေးတာ၊ အွန်လိုင်းကနေ စိတ်ပိုင်းဆိုင်ရာ counseling လုပ်ပေးတာ၊ စွမ်းရည်မြှင့်တင်ရေးကမ်ပိန်းတွေ လုပ်ဆောင်ပေးတာ၊ အမျိုးသမီးတွေ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရတဲ့ ဖြစ်ရပ်တွေကို မှတ်တမ်းယူတာတွေ လုပ်ဆောင်နေတယ်လို့ လေ့လာသိရှိရပါတယ်။ အသေးစိတ်ကိုတော့ NUG ဝန်ကြီးဌာနရဲ့ ဆိုရှယ်မီဒီယာနဲ့ အွန်လိုင်းစာမျက်နှာတွေမှာ လေ့လာကြည့်ဖို့ အကြံပြုချင်ပါတယ်။ ■

စကစဟာ အမျိုးသား၊ အမျိုးသမီးအားလုံးကို စစ်မှုထမ်းအမည်ခံပြီး မတရား ချောဆွဲခိုင်းစေဖို့ရှိနေတာ သိကြမှာပါ။ အခုထိတော့ အမျိုးသမီးတွေ မပါသေးပေမဲ့ တချိန်မှာ သူတို့က အတင်းခိုင်းစေလာရင် အမျိုးသားတွေထက် ပိုမိုအခက်အခဲကြုံရလာနိုင်မလားလို့ ထင်မိပါတယ်။ ဒီလိုဘေးရန်ကို အမျိုးသမီးတွေအနေနဲ့ ဘယ်လိုပြင်ဆင်ထားသင့်ပါသလဲ၊ တော်လှန်ရေးအဖွဲ့တွေအနေနဲ့ရော ဘယ်လိုပြင်ဆင်ထားသင့်ပါသလဲ။

လက်ရှိကာလ ငွေကြေးအခက်အခဲနဲ့ စစ်မှုထမ်းဥပဒေကြောင့် ပြည်ပထွက်တဲ့ အမျိုးသားတွေ အရမ်းများလာတဲ့အခါမှာ စစ်မှုထမ်းဥပဒေအတွက် အမျိုးသမီးတွေကို ဆင့်ခေါ်တာဟာ အနေးနဲ့အမြန်ဆိုသလို ဖြစ်လာနိုင်ပါတယ်။ စစ်တမ်းလေ့လာတွေ့ရှိချက်အရတော့ အမျိုးသမီးတွေဟာ စစ်မှုထမ်းရတာကနေ ရှောင်ရှားဖို့ ပြည်ပထွက်ခွာတာ၊ ပြည်တွင်းမှာရှိတဲ့ အခြားဒေသတွေကို တိမ်းရှောင်ကြတာအပြင် အိမ်ထောင်ပြုတာ၊ ကျောင်းပြန်တက်တာ စတဲ့နည်းလမ်းတွေနဲ့ပါ တိမ်းရှောင်ဖို့ ကြိုးစားနေ၊ ဖြေရှင်းနေတာကို တွေ့ရပါတယ်။ ဒီအခြေအနေတွေအတွက် တိကျတဲ့ဖြေရှင်းနည်းကို အကြံပြုပေးဖို့တော့ခက်လှပါတယ်။ တော်လှန်ရေးအဖွဲ့တွေအနေနဲ့ကတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးဒေသတွေမှာ အမျိုးသမီးတွေကို နည်းမျိုးစုံနဲ့ စောင့်ရှောက်ကာကွယ်ပေးတာတွေကို လုပ်သင့်ပြီး ကိုယ်တိုင်ကလည်း စစ်မှုထမ်းဥပဒေနဲ့အလားတူတဲ့ အတင်းအကျပ် စစ်သားစုဆောင်းတာ၊ အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တာ၊ လူ့အခွင့်အရေးချိုးဖောက်တာ အဲဒါမျိုးတွေမရှိစေဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ ■

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com